ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 30 May 2024 ၁၁၄၇၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး ဆရာမကြီးများ၊ သင်္ချေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ထူးချွန်ပြီး လက်တွေ့လုပ်ငန်းခွင်တွင် အသုံးဝင်သည့် အရာရှိကောင်းများဖြစ်လာစေရေး ကြိုးစားအားထုတ်

## အင်ဂျင်နီယာပညာရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာပညာရပ်များ သင်ယူရသကဲ့သို့ စည်းကမ်းစနစ်တကျဖြင့် နေထိုင်တတ်သည့်၊ ကိုယ့်အားကိုယ်ကိုးတတ်သည့်၊ အဖွဲ့အစည်းနှင့် စည်းလုံးညီညွတ်စွာဆောင်ရွက်တတ်သည့် အခြေခံအလေ့အကျင့်ကောင်းများ ထိန်းသိမ်းမွေးမြူ

နေပြည်တော် မေ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး ဆရာမကြီးများ၊ သင်္ချေအရာရှိများနှင့် ဗိုလ်လောင်းများအား တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဖွဲ့ဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး ဆရာမကြီးများ၊ သင်္ချေအရာရှိများနှင့် ဗိုလ်လောင်းများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

**စက်မှုဝန်ကြီးဌာနမှ သံမဏိစက်ရုံစီမံကိန်းနှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ စီမံကိန်းနှစ်ခုပြီးစီးပါက တစ်နှစ်လျှင် တန်ချိန် ငါးသိန်းခန့်ကို ထပ်မံဖြည့်တင်းထုတ်လုပ်ပေးနိုင်မည်**

စာမျက်နှာ » ၈



**ရာသီဥတု အညွှန်းကိန်း သီးနှံအာမခံအကြောင်း နှင့်ပတ်သက်၍ ...**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

**ထို့ကြောင့် ဤအရာကို သမ / ကျေးလက်ဟု ခေါ်ပါသည်**

ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# ဂုဏ်ယူဖွယ်ရာအမျိုးသားအားကစားပွဲတော်

ကျောင်းသားအားကစားပွဲတော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အားကစားပြိုင်ပွဲတို့သည် တစ်နိုင်ငံလုံးနှင့်ဆိုင်သည့်၊ တစ်မျိုးသားလုံးနှင့်အကျုံးဝင်သည့် အမျိုးသား အားကစားပွဲတော်များ ဖြစ်ပါသည်။ အလားတူ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားအားကစားပွဲတော်ကိုလည်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ဖူးပါသည်။ အမျိုးသား အားကစားပွဲတော်များသည် တစ်မျိုးသားလုံးအတွက် ဇာတိမာန်၊ အမျိုးသားအားမာန်များ တက်ကြွနိုးကြားစေပါသည်။

တစ်ချိန်သောကာလက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အားကစားပြိုင်ပွဲများ၊ အထူးသဖြင့် ဘောလုံးပြိုင်ပွဲများသည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတွက် နိုးကြားတက်ကြွသည့်အားမာန် တွန်းအားများဖြစ်စေခဲ့သည်။ ထိုပြိုင်ပွဲများမှသည် ရွှေရောင်လွှမ်းသော အမျိုးသားအောင်ပွဲများဖြစ်စေခဲ့သည်။ တစ်နိုင်ငံလုံးဂုဏ်ယူမဆုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြသည်။ နိုင်ငံတကာအလယ်တွင် "မြန်မာဟေ့"ဟု ဂုဏ်ယူဝင့်ကြွား ဖွယ်ဖြစ်စေခဲ့သည်။ အမျိုးသားအားကစားပြိုင်ပွဲများသည် မြန်မာ့ဂုဏ်ကို မြင့်မားတောက်ပြောင် ဝင့်ကြွားနိုင်ခဲ့သည်။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်မြင့်မားရေးအတွက် တစ်မျိုးသားလုံးနှင့်အကျုံးဝင်သည့် အားကစားကဏ္ဍကို နိုင်ငံတော်က မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ အားကစားသည် အမျိုးသားအားမာန်ကို ထက်သန်နိုးကြားစေသဖြင့် အားကစားကို မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်သည်။ ထို့အတူ အားကစားတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသကဲ့သို့ နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် နိုင်ငံတော်၏ အခြေအနေကို ထင်ဟပ်ဖော်ပြနေပေသည်။

တစ်ချိန်သောကာလက တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး အားမာန်အပြည့်ဖြင့် အားပေးခဲ့သော အမျိုးသားအားကစားပြိုင်ပွဲကြီး ပြန်လည်ကျင်းပတော့မည်ဟုသိရသဖြင့် ဝမ်းမြောက်မိသည်။ နိုင်ငံတော်အဆင့် ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲ၊ ကျောင်းသားအားကစားပွဲ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အားကစားပြိုင်ပွဲများအားလုံးကို ပေါင်းစုထားသည့် ပွဲတော်ကြီးဖြစ်သဖြင့် တစ်မျိုးသားလုံး၊ အားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားအားကစားပြိုင်ပွဲကြီး ဖြစ်ပေသည်။ ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၅၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၅၄ ခုနှစ်တွင်လည်းကောင်း၊ တတိယအကြိမ်အမျိုးသားအားကစားပွဲတော်ကို ၁၉၅၇ ခုနှစ်တွင်လည်းကောင်း ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပြိုင်ပွဲကို ၂၀၁၅ ခုနှစ်တွင် နေပြည်တော်၌ ခမ်းခမ်းနားနားကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပြိုင်ပွဲကို ဒီဇင်ဘာလတွင် နေပြည်တော်၌ ခမ်းနားထည်ဝါစွာ ကျင်းပတော့မည်ဖြစ်သည်။ ၁၀ နှစ်နီးပါးကြာမြင့်ပြီးမှ အမျိုးသားအားကစားပွဲတော်ကို ပြန်လည်ကျင်းပနိုင်သည့်အတွက် အားကစားကို ချစ်မြတ်နိုးသော တန်ဖိုးထားသော အားကစားသမားများ၊ ဝါသနာရှင်များအတွက် စိတ်အားတက်စေသည်။ အားကစားမျိုးစုံလင်စွာပါဝင်သော ၂၀၂၄ ခုနှစ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာပြန်လည်ကျင်းပနိုင်ရေးအတွက် အခက်အခဲများရှိမည်ဖြစ်သော်လည်း နိုင်ငံတော်က အားကစားကဏ္ဍကို မြှင့်တင်အားပေးမှု၊ အားကစားကဏ္ဍအလိုက် အောင်မြင်မှုများရရှိမှု၊ အားကစားစိတ်ဓာတ် မြင့်မားတက်ကြွလာမှုများကြောင့် အဆင်ပြေချောမွေ့ အောင်မြင်နိုင်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပရသည့်ရည်ရွယ်ချက်တွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရေးအတွက် ဆောင်ရွက်ခြင်းနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် "မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာ့အားကစားအဆင့်အတန်း မြင့်မားရေးနှင့် အောင်မြင်မှုရှိစွာ ယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ ကျင်းပသွားမည်ဟုသိရသည်။

ယခုကျင်းပမည့် အမျိုးသားအားကစားပြိုင်ပွဲကြီး၏ ဦးတည်ချက်များသည် မြန်မာနိုင်ငံ၏ အခြေအနေနှင့် ဂုဏ်ဒြပ်ကို ထင်ဟပ်ပေါ်လွင်စေသည့် အချက်များအဖြစ် တွေ့မြင်နိုင်မည်ဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာ့အားကစားကဏ္ဍသည် အဆင့်မြင့်မားလာနေသည်ကိုတွေ့ရပြီး ထိုအားကစားအောင်မြင်မှုများနှင့် ယခုကျင်းပပြုလုပ်မည့် အမျိုးသားအားကစားပြိုင်ပွဲကြီး၏ အရှိန်အဟုန်အားမာန်များကို ပေါင်းစပ်ပြီး မကြာမီကာလတွင် ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ယခင်စံချိန်များထက် ပိုမိုမြင့်မားသော အောင်မြင်မှုများကို ဆွတ်ခူးနိုင်မည်ဟု မျှော်လင့်ပါသည်။ သို့ဖြစ်ရာ အမျိုးသားအားကစားပွဲတော်ဆိုသည့် ဂုဏ်ဒြပ်နှင့်အညီ မြင့်မားပြင်းပြလာသော အားကစားစိတ်ဓာတ်များဖြင့် ကြီးကျယ်ခမ်းနား ဂုဏ်ယူဖွယ်ရာ အားကစားပွဲတော်ကြီးကို ကြိုဆိုလိုက်ရပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ဦးဝဏ္ဏာဟန် အား ပါကစ္စတန်အစ္စလာမစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် မေ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏာဟန်အား ပါကစ္စတန်အစ္စလာမစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **သတင်းစဉ်**

## အစိုးရဓမ္မာစရိယစာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်

နေပြည်တော် မေ ၃၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၅ ခုနှစ်(၂၀၂၄ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ကျမ်းရင်း သုံးကျမ်းအောင်(ကျမ်းပြီး) ၁၄၄၄ ပါး/ဦး၊ နှစ်ကျမ်းအောင် ၁၇၃၆ ပါး/ဦး၊ တစ်ကျမ်းအောင် ၁၇၇၇ ပါး/ဦး၊ ပါဠိဂုဏ်ထူးအောင် ခြောက်ပါး၊ မြန်မာ ဂုဏ်ထူးအောင်သုံးပါး စုစုပေါင်း(၄၉၆၆)ပါး/ဦး အောင်မြင်ကြသည်။

စုစုပေါင်း ဖြေဆိုသူ ၁၈၈၆၆ ပါး/ဦးအနက် အောင်မြင်သူ ၄၉၆၆ ပါး/ဦးဖြစ်၍ ၂၆ ဒသမ ၃၂ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၅ ခုနှစ်(၂၀၂၄ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် ဓမ္မာစရိယသုံးကျမ်းအောင်(ပထမ၊ ဒုတိယ၊ တတိယ)ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (အဂ္ဂမဟာကျော်) | ပခ/၂၇၅ | အရှင်ဓမ္မသာရ ၁၂/အလန(သ)၀၀၁၁၉၄ | ဓမ္မဝိနယရုံသီကျောင်း မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့ |
| ၂။ | ဒုတိယ | ပခ/၉၁၆ | အရှင်ဝိသုဒ္ဓ ၁၂/အလန(သ)၀၀၁၃၈၇ | ဓမ္မသမိဒ္ဓိကျောင်း မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့ |
| ၃။ | တတိယ | ဘ/၁၉၃ | အရှင်ခေမာသိရီ ၈/မကန(သ)၀၀၂၃၂၃ | လမ္ဘတော်ကျောင်း သထုံမြို့ |

၁၃၈၅ ခုနှစ်(၂၀၂၄ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်း အပြည့်အစုံကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉-၅-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၆၂၄ | ၅,၄၉၄,၂၀၀ |
| MTSH | ၂,၉၀၀ | ၃,၀၀၀ | ၆,၀၉၉ | ၁၇,၈၁၀,၅၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၀၀ | ၈၁၀,၀၀၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၃,၄၇၂ | ၅,၅၆၀,၂၅၀ |
| TMH | ၂,၆၅၀ | ၂,၇၀၀ | ၂၆၅ | ၇၀၂,၃၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၅၅၅ | ၉၄၃,၆၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၁၅၀ | ၇၀၅,၀၀၀ |
| MAEX | ၂,၃၅၀ | ၂,၃၅၀ | ၂၈၉ | ၈,၀၁၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

☆ ရှေ့ဖုံးမှ

**တပ်မတော်သားပီသအောင်**
**နေထိုင်ကျင့်ကြံဆောင်ရွက်ရမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်နည်းပညာတက္ကသိုလ် အနေဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သည့် အင်ဂျင်နီယာအရာရှိများကို မွေးထုတ်ပေးနေသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ အင်ဂျင်နီယာပညာရပ်များအပြင် စစ်အခြေခံပညာရပ်များကိုလည်းသင်ကြားပေးလျက်ရှိကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် တပ်ဖွဲ့အမျိုးအစားအလိုက် ကွဲပြားခြားနားမှုရှိသော်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိမိတို့ကိုပေးအပ်ထားသည့် တာဝန်များအလိုက် ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦး ဖြစ်လာသည့်အခါတွင် တပ်မတော်သားပီသအောင် နေထိုင်ကျင့်ကြံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် စည်းကမ်းနှင့်အညီ ဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ထုတ်ပြန်ထားသည့်အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ တာဝန်ထမ်းဆောင်ကြခြင်းဖြစ်ကြောင်း၊ တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနချုပ်များအလိုက် တာဝန်ထမ်းဆောင်မှုများ ဆောင်ရွက်ရာတွင် ကွဲပြားခြားနားမှုမရှိဘဲ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်မှထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာပြီး တပ်မတော်သားကောင်းပီသအောင် နေထိုင်ကျင့်ကြံဆောင်ရွက်သွားရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**အင်ဂျင်နီယာပညာရှင်ကောင်းတစ်ယောက်**
**သာမက တပ်မတော်သားကောင်း**
**တစ်ယောက်ဖြစ်လာစေရေး**
**စဉ်ဆက်မပြတ်ကြိုးစားအားထုတ်ရမည်**

အင်ဂျင်နီယာကောင်းတစ်ယောက်သည် အင်ဂျင်နီယာပညာဒဿန (Engineering Philosophy) ရှိရန်လိုပြီး Engineering Philosophy သည် အင်ဂျင်နီယာနည်းပညာဖြင့်သော်လည်းကောင်း၊ အင်ဂျင်နီယာများမှသော်လည်းကောင်း လူ့အဖွဲ့အစည်းတစ်ရပ်အတွက် ၎င်းတို့၏ပညာရပ်များကို မည်ကဲ့သို့အကျိုးရှိရှိ အသုံးပြုရမည်ဟူသည့် စည်းမျဉ်းကို ရည်မှန်း၍ ရေးဆွဲသတ်မှတ်ထားသည့် အယူအဆတစ်ရပ်ပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မိမိဆောင်ရွက်ရမည့်လုပ်ငန်းများကို အင်ဂျင်နီယာရှုထောင့်မှ မည်ကဲ့သို့ကောင်းမွန်အောင် ဆောင်ရွက်မည်ကို စဉ်းစားတွေးခေါ်ဆောင်ရွက်ဘာသာရပ်များအလိုက် ကျွမ်းကျင်တတ်မြောက်နေရန်လိုကြောင်း၊ တပ်မတော်ကဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းကျောင်းများ၊ တက္ကသိုလ်များအားလုံးတွင် နည်းပြနှင့် သင်တန်းသားအချိုးကို တွက်ချက်၍ သင်ကြားပေးလျက်ရှိပြီး တပ်မတော်နည်းပညာတက္ကသိုလ်တွင်လည်း အဓိကကျသည့် ဘာသာရပ်များကို ထိထိရောက်ရောက်သင်ကြားနိုင်ရန်အတွက် နည်းပြနှင့် သင်တန်းသားအချိုးကို စနစ်တကျခွဲဝေပေးထားပြီးဖြစ်သဖြင့် ထူးချွန်ပြီး လက်တွေ့လုပ်ငန်းခွင်တွင် အသုံးဝင်သည့် အရာရှိကောင်းများဖြစ်လာစေရေး ကြိုးစားအားထုတ်ကြရန်လိုကြောင်း။

သင်တန်းသားများအနေဖြင့် ထူးချွန်ထက်မြက်သည့် သင်တန်းဆင်းအရာရှိများဖြစ်လာစေရေး သင်တန်းတက်ရောက်စဉ်ကာလပတ်လုံး စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုရှိရန်လိုအပ်မည်ရန်လိုပြီး Engineering Philosophy ရှိရန်အတွက် ပညာရပ်နှင့် သက်ဆိုင်သည်များကို အမြဲမပြတ်လေ့လာရန်လိုကြောင်း၊ အင်ဂျင်နီယာပညာရပ်တွင် ပညာရပ်မျိုးစုံရှိသော်လည်း အခြေခံအားဖြင့် တူညီမှုများရှိကြောင်း၊ နည်းပညာနှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်နေသူတစ်ဦးအနေဖြင့် အခြေခံမှစ၍ဖြစ်ကြောင်း၊ အလားတူ အခြေခံလေ့ကျင့်ရေးများ ဆောင်ရွက်ရာတွင် လေ့ကျင့်သားပြည့်ဝရန်အတွက် စနစ်တကျ လေ့ကျင့်ဆောင်ရွက်ရန်လိုကြောင်း၊ စစ်သားကောင်းတစ်ယောက် ဖြစ်လာစေရေးအတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းရန်၊ ကျန်းမာကြံ့ခိုင်မှု ရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ **“ချွေးထွက်များမှ သွေးထွက်နည်းမည်”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ တစ်ဦးချင်းနေ့စဉ်လုပ်ဆောင်နေရသည့် တာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင် လိုက်နာ၍ လေ့ကျင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အထွေထွေဗဟုသုတများ ပြည့်စုံစေရေးအတွက်လည်း စာအုပ်စာပေများကို အမြဲဖတ်ရှု လေ့လာနေရန်လိုကြောင်း။

**အခြေခံအလေ့အကျင့်ကောင်းများကို**
**ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန်လို**

သင်တန်းသားများအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ တပ်မတော်အတွင်းသို့ မိမိတို့သဘောဆန္ဒအလျောက် ဝင်ရောက်လာကြသူများဖြစ်သည်နှင့်အညီ မိမိကိုယ်ကိုအားကိုးသည့်စိတ်ဖြင့် နေထိုင်ကျင့်ကြံဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိကိုယ်ကို ရပ်တည်နိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားဘဝတွင်စတင်ခဲ့သည့်အခြေခံစိတ်ဓာတ်သည် အရေးကြီးကြောင်း၊ အရာရှိကောင်းများဖြစ်လာစေရေးအတွက် မိမိကိုယ်ကို ယုံကြည်အားကိုးသည့်စိတ်ဓာတ်၊ ကိုယ့်အားကိုယ်ကိုးပြီး အောင်မြင်သည့်ဘဝကို ပိုင်ဆိုင်လိုသည့် စိတ်ဓာတ်များရှိရမည်ဖြစ်ကြောင်း၊ ယင်းအခြေခံစိတ်ဓာတ်များကို ယခုသင်တန်းသားဗိုလ်လောင်းဘဝကတည်းက မွေးမြူသွားရန်လိုကြောင်း၊ သင်တန်းကာလ ခြောက်နှစ်တာကာလအတွင်း အင်ဂျင်နီယာပညာရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာပညာရပ်များကို သင်ယူရသည်ဖြစ်သကဲ့သို့ စည်းကမ်းစနစ်တကျဖြင့် နေထိုင်တတ်သည့်၊ ကိုယ့်အားကိုယ်ကိုးတတ်သည့်၊ အဖွဲ့အစည်းနှင့် စည်းလုံးညီညွတ်စွာဆောင်ရွက်တတ်သည့် အခြေခံအလေ့အကျင့်ကောင်းများကိုလည်း ဆက်လက်ထိန်းသိမ်းမွေးမြူသွားရန်လိုကြောင်း၊ လေ့လာမှုနှင့်ပတ်သက်၍ စာပေပညာရပ်များသင်ယူခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြင်ပဗဟုသုတ အသိပညာများကို မြှင့်တင်နိုင်သည့် စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုနေရန်လိုကြောင်း။

စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်ကြောင်း၊ ထိုသို့ အသိပညာဗဟုသုတများ ကြွယ်ဝလာခြင်းဖြင့် ဘဝအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ဖတ်ရှုသိရှိထားသည့် အသိပညာဗဟုသုတများကို လူအများသိရှိစေရေးအတွက် ပြန်လည်ဟောပြောပေးခြင်း၊ ဆွေးနွေးပေးခြင်းများ ဆောင်ရွက်မှသာလျှင် ပညာပြန့်ပွားမှုအကျိုးကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ **မြန်မာစကားပုံတွင် “ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်” ဟူ၍ရှိကြောင်း၊ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံးအခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်ကြောင်း**၊ ထို့ကြောင့် **“ပညာအသက်သည် ဘဝတစ်သက်”** ဖြစ်ကြောင်း၊ သင်တန်းသားများ၊ နည်းပြများအနေဖြင့်လည်း မိမိတို့ဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေနိုင်သည့် စာပေဖတ်မှတ်လေ့လာခြင်း အလေ့အကျင့်ကို စဉ်ဆက်မပြတ်ကျင့်ကြံသွားရန် အလေးထားမှာကြားလိုကြောင်း။

**စာမျက်နှာ ၄ သို့** ○

**✻ သင်တန်းသားများအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ တပ်မတော်အတွင်းသို့ မိမိတို့သဘောဆန္ဒအလျောက် ဝင်ရောက်လာကြသူများဖြစ်သည်နှင့်အညီ မိမိကိုယ်ကိုအားကိုးသည့်စိတ်ဖြင့် နေထိုင်ကျင့်ကြံဆောင်ရွက်ကြရန်လို**

**✻ မိမိကိုယ်ကို ရပ်တည်နိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ရမည်၊ သင်တန်းသားဘဝတွင် စတင်ခဲ့သည့် အခြေခံစိတ်ဓာတ်သည် အရေးကြီး**

**✻ အရာရှိကောင်းများဖြစ်လာစေရေးအတွက် မိမိကိုယ်ကို ယုံကြည်အားကိုးသည့်စိတ်ဓာတ်၊ ကိုယ့်အားကိုယ်ကိုးပြီး အောင်မြင်သည့်ဘဝကို ပိုင်ဆိုင်လိုသည့် စိတ်ဓာတ်များရှိရမည်၊ ယင်းအခြေခံစိတ်ဓာတ်များကို ယခုသင်တန်းသားဗိုလ်လောင်းဘဝကတည်းက မွေးမြူသွားရန်လို**

❍ စာမျက်နှာ ၃ မှ

**သင်ယူခဲ့ရသည့်ပညာရပ်များကို အသုံးချ၍ လက်တွေ့နယ်ပယ်တွင် ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာကျော်ဖြတ်နိုင်သည့် အရာရှိကောင်းများဖြစ်လာစေရေး**

နည်းပြများနှင့်ပတ်သက်၍ မိမိတို့ဖြန့်ဝေသင်ကြားပေးရမည့် ပညာရပ်များအား သင်တန်းသားများမှ အမှန်တကယ်တတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ မိမိတို့ သင်ကြားခဲ့ရသည့် စာပေအသိပညာဗဟုသုတများကို သင်ကြားပေးရမည်ဖြစ်သကဲ့သို့ တွေ့ကြုံဖြတ်သန်းခဲ့ရသည့် ဘဝအတွေ့အကြုံများကိုလည်း မျှဝေပေးရန်လိုကြောင်း၊ စာပေပညာနှင့် အတွေ့အကြုံမှရသည့် ပညာရပ်များကို ပေါင်းစပ်သင်ကြားပေးမည်ဆိုပါက မိမိသင်ကြားမွေးထုတ်ပေးလိုက်သည့် သင်တန်းသားများသည် ပိုမိုထူးချွန်လာမည်ဖြစ်ကြောင်း၊ နည်းပြများအနေဖြင့် သင်ကြားမှုများ ဆောင်ရွက်ရာတွင် စာအုပ်အတိုင်း သင်ကြားပေးသည်ထက် သင်တန်းသားများကို အမှန်တကယ် တတ်စေ၊ သိစေချင်သည့် စေတနာဖြင့် သင်ကြားပေးမည်ဆိုပါက မိမိတို့ သင်ကြားပေးလိုက်သည့် သင်တန်းသားများအနေဖြင့် ပိုမိုတတ်ကျွမ်းလာမည်ဖြစ်ပြီး ဘဝတစ်လျှောက်လုံး အမှတ်ရနေမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း မိမိတို့ထက် အတွေ့အကြုံရှိသည့် နည်းပြများ၊ စီနီယာများ၏ သွန်သင်ဆုံးမမှုများကို စိတ်ပါဝင်စားစွာဖြင့် နာယူ၍ လိုက်ပါဆောင်ရွက်မည်ဆိုပါက ဘဝတိုးတက်မှုအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ သင်ကြားပေးသည့် ဆရာ ဆရာမများ၏ သင်ကြားပေးမှုများကို စနစ်တကျဖြင့် သင်ယူကြရန်လိုပြီး လေ့ကျင့်ရေးပိုင်းတွင်လည်း စစ်စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ မိမိတာဝန်ကျသည့်တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စိတ်ဓာတ် စည်းကမ်းကောင်းမွန်စွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် သင်တန်းသားများ၏ စိတ်ဓာတ်များ ကောင်းမွန်စေရေး နည်းပြများအနေဖြင့် လေ့ကျင့်သား ပြည့်ဝအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဘာသာရပ်များကို စနစ်တကျ သင်ကြားလေ့ကျင့်ပေးလိုက်မှသာလျှင် လက်တွေ့နယ်ပယ်၌ ကောင်းမွန်စွာ အသုံးချနိုင်မည်ဖြစ်ပြီး ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာ ဖြတ်သန်းနိုင်သည့် အရာရှိကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးရှိ မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာဆောင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

**ခေါင်းဆောင်မှု**

တပ်မတော်တွင် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်း ကောင်းမွန်မှုတို့ ပြည့်စုံသည့် နောက်လိုက်ကောင်း ဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦး ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုတွင် တစ်ဦးနှင့်တစ်ဦး တူညီမှုမရှိဘဲ ခေါင်းဆောင်မှု ကောင်းမွန်ရန်အတွက် မိမိကိုယ်တိုင်လေ့ကျင့် ဆောင်ရွက်ရန်လိုကြောင်း၊ သင်တန်းကာလအတွင်း လေ့ကျင့်ဆောင်ရွက်သွားမည်ဆိုပါက စစ်ဘက် ခေါင်းဆောင်ကောင်းများဖြစ်လာမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာပညာရှင်ကောင်းများ ဖြစ်ရန်အတွက်လည်း သက်ဆိုင်ရာပညာရပ်များအလိုက် စနစ်တကျ လေ့ကျင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့ကိုယ်ကို စနစ်တကျလေ့ကျင့်ဆောင်ရွက်သွားရန်နှင့် နည်းပြနှင့် ဆရာ ဆရာမများအနေဖြင့်လည်း သင်တန်းသားများကို စနစ်တကျ လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

အရည်အချင်းပြည့်ဝသည့် တပ်မတော်အရာရှိကောင်းများ မွေးထုတ်ပေးနိုင်ရန်အတွက် စတင်ရွေးချယ်စဉ်ကပင် သတ်မှတ်ချက်များနှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်တည်ဆောက်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးတို့အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ရန် များစွာရှိနေသေးကြောင်း၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ တိုးတက်စေရေးအတွက် အမြဲကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ လုပ်သင့်လုပ်ထိုက်သည်များကို အမြဲမပြတ် ဆောင်ရွက်ခြင်းသည် အကောင်းဆုံးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့လုပ်ရန်ရှိသည့် အလုပ်များကိုအောင်မြင်အောင် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ မဟာရွှေမြင်တင်စေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။ ဆက်လက်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်မှာကြားပြီး စေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာဆောင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ပါဒခြေတော်ရာအား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

> ❖ **တပ်မတော်တွင် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့ ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦး ဖြစ်လာနိုင်မည်**
>
> ❖ **ခေါင်းဆောင်မှုတွင် တစ်ဦးနှင့်တစ်ဦးတူညီမှုမရှိဘဲ ခေါင်းဆောင်မှု ကောင်းမွန်ရန်အတွက် မိမိကိုယ်တိုင်လေ့ကျင့်ဆောင်ရွက်ရန်လို**

## 2024 JULY JLPT စာမေးပွဲအတွက် အွန်လိုင်းမှ လျှောက်လွှာတင်ထားသူများ ဇွန် ၁ ရက်မှစ၍ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူနိုင်

**ရန်ကုန် မေ ၂၉**

2024 JULY JLPT စာမေးပွဲအတွက် အွန်လိုင်းမှ လျှောက်လွှာတင်ထားသူများ အနေဖြင့် ဇွန် ၁ ရက်မှစတင်၍ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Test Voucher) အား ထုတ်ယူနိုင်ပြီဖြစ်ကြောင်း JLPT စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းက မေ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ထားသည်။

**ထုတ်ပြန်ချက်တွင်ပါရှိ**

စာမေးပွဲဖြေဆိုသည့်နေ့တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားအား Colour Print ထုတ်၍ ယူဆောင်လာရမည်ဖြစ်ပြီး ဖုန်းဖြင့်ပြသ၍မရကြောင်းလည်း အဆိုပါ ထုတ်ပြန်ချက်တွင် ပါရှိသည်။

စာမေးပွဲဖြေဆိုခွင့် ကတ်ပြားအား ဝင်ရောက်ထုတ်ယူရမည့် Website Link https://jlpt-maja.org.mm/ ဖြစ်ပြီး Test Voucher ထုတ်ယူပုံအဆင့်ဆင့်အနေဖြင့် ပထမဦးစွာ အထက်ပါ Link အား Copy ယူ၍ Browser တွင်ဖွင့်ပြီး လော့ဂ်အင် ခလုတ်ကိုနှိပ်ကာ လော့ဂ်အင် ID နှင့် စကားဝှက်အား ဖြည့်သွင်း၍ လျှောက်လွှာဖောင်အချက်အလက်ခလုတ်ကို နှိပ်ပြီး လျှောက်ထားသူသည် “PDF အားလုံးယူမည်” ခလုတ်အားနှိပ်၍ Download လုပ်ရပါမည်ဟု ပါရှိသည်။

Test Voucher တွင် စာမျက်နှာ သုံးမျက်နှာဖြစ်သော စာမျက်နှာ ၁ – Test Voucher ခုံနံပါတ်၊ ဖြေဆိုရမည့်ရက်၊ အချိန်နှင့် နေရာပါဝင်ပါကြောင်း၊ စာမျက်နှာ ၂ – စာမေးပွဲစည်းကမ်းများ၊ စာမျက်နှာ ၃– စာမေးပွဲဖြေဆိုရမည့် နေရာပြမြေပုံ ပါဝင်ပြီး စာမေးပွဲလာရောက်ဖြေဆိုသည့်နေ့တွင် အဆိုပါ စာမျက်နှာ သုံးခုလုံး Colour Print ထုတ်၍ ယူဆောင်လာရန် လိုအပ်ကြောင်းလည်း အသိပေးထားသည်။ Application Form (Form C) စာရွက်ကိုလည်း သိမ်းဆည်းထားရန် လိုအပ်ကြောင်းနှင့် Online result ကြည့်ရှုရာတွင် Form C တွင် ဖြည့်သွင်းထားခဲ့သော Passcode ရှစ်လုံးအား ထည့်သွင်းကြည့်ရှုရမည်ဟုလည်း ဆိုသည်။

**ရယူနိုင်**

Test Voucher ထုတ်ရန် မိမိတို့၏ Login ID အား မှတ်သားထားခြင်း မရှိပါက Online Application Website တွင် “Login” > “Forget Password & Login ID” သို့ ဝင်ရောက်ပြီး မိမိ၏ Email Address အား ထည့်သွင်းကာ “Show Login ID” ကို နှိပ်ကာ Login ID ကို ရယူနိုင်ပြီး စာမေးပွဲဖြေဆိုရမည့်နေ့တွင် ယခု Test Voucher (စာမေးပွဲဖြေဆိုခွင့်ကတ်) Print စာရွက်နှင့်အတူ အောက်ပါ သက်သေခံကတ် (မူရင်း) တစ်ခုခု မပါရှိလျှင် “စာမေးပွဲဖြေဆိုခွင့်မပြုပါ” ဟု ထုတ်ပြန်အသိပေးချက်တွင် ပါရှိသည်။



၂၀၂၃ ခုနှစ်တွင် ကျင်းပခဲ့သည့် ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) လာရောက်ဖြေဆိုသူများကို တွေ့ရစဉ်။

မှတ်ပုံတင် (၁၀ နှစ်ပြည့်ဖြစ်စေ၊ ၁၈ နှစ်ပြည့်ဖြစ်စေ အကျုံးဝင်သည်)၊ သက်တမ်းရှိနိုင်ငံကူးလက်မှတ်၊ သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် (က/A ဆိုင်ကယ်လိုင်စင်မှာ မွေးသက္ကရာဇ်မပါသဖြင့် အကျုံးမဝင်ပါ)၊ မွေးစာရင်း (၁၀ နှစ်အောက်လျှောက်လွှာတင်သူများအတွက်သာ အကျုံးဝင်ပါသည်)၊ သာသနာဝင်စိစစ်ရေးကတ်ပြား၊ သာသနာ့နွယ်ဝင်စိစစ်ရေးကတ်ပြား (ရှင်သာမဏေ၊ ရဟန်းတော်၊ သီလရှင်များအတွက်သာ အကျုံးဝင်ပါသည်)ဟု ထုတ်ပြန်ချက်တွင်ပါရှိသည်။

MT

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများနှင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၏ ကျန်းမာရေးအခြေအနေများကို သွားရောက်ကြည့်ရှုအားပေး၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် မေ ၂၉

မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ သက်တော် ၉၆ နှစ် ဝါတော် ၇၆ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးသည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိရာ ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးအား ကျန်းမာရေးစစ်ဆေးပေးထားမှုများနှင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့် အခြေအနေများကို ကြည့်ရှုမေးမြန်းရာ တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မပြတ်စောင့်ကြည့်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ ကိုယ်ခံစွမ်းအား ရှိစေရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် လုပ်ဆောင်နိုင်သည့် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ လုပ်ဆောင်နိုင်ရေးတို့အတွက်ကိုလည်း ဆောင်ရွက်ပေးရန်၊ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေ သက်သာလာပြီး ကျောင်းတိုက်၌ ပြန်လည်သီတင်းသုံးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက်လည်း လိုအပ်သည့်ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်နှင့်အခြား လိုအပ်သည်များကို အလေးထားမှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ အား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများ ကြည့်ရှုမေးမြန်းစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ထိုသို့ အားပေးစကားပြောကြားရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် အဖွဲ့ဝင်များလိုက်ပါ၍ သားဖွားမီးယပ်နှင့်ကလေးကုသဆောင်၌တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များကို တစ်ဦးချင်းရင်းနှီးနွေးထွေးစွာ လိုက်လံ အားပေးစကားပြောကြားပြီးလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း ဆေးကုသမှုဆိုင်ရာ စက်ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုလျက်ရှိသည့်အခြေအနေများနှင့် လူနာကုသဆောင်များ ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ သင်တန်းကျောင်းများ၊ တက္ကသိုလ်များ အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား မေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား မေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသမှု ခံယူနေသူတစ်ဦးအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

❖ မိမိတို့နိုင်ငံ၌ ယနေ့ထိ ဖွင့်လှစ်ပြီး စက်မှုဇုန်များကိုကြည့်လျှင် ပင်မစက်မှုဇုန် ၂၈ ခု နှင့် ဇုန်ခွဲများပါရှိပါက ၅၃ ခုရှိပြီး စက်မှုရပ်ကွက် (၅) ခုရှိသည်ကို တွေ့ရ

❖ တည်ထောင်ဆဲ စက်မှုဇုန်စီမံကိန်းမှာ နှစ်ခုရှိ၊ တည်ထောင်ပြီး စက်မှုဇုန်များကို အဆင့်မြှင့်တင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ဥပဒေ၊ နည်းဥပဒေနှင့် မကိုက်ညီသည့် အချက်များကိုလည်း ပြန်လည်ပြင်ဆင် တည့်မတ်ထိန်းကျောင်းသွားကြရမည်

❖ ထူထောင်ပြီး စက်မှုဇုန်များနှင့် ထပ်မံဆောင်ရွက်မည့် စက်မှုဇုန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာ ဒေသဆိုင်ရာစက်မှုဇုန်များ တည်ဆောက်ရေးနှင့် ကြီးကြပ်ရေးကော်မတီနှင့် ဒေသအစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြီးကြပ်ရမည်ဖြစ်ပြီး စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီများက အဓိကအကောင်အထည်ဖော်ဆောင်ရွက်ရမည်

☆ ကျောဖုံးမှ

ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဖြစ်သည်နှင့်အညီ အစည်းအဝေးကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ စက်မှုဇုန်များကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များနှင့်အညီ စနစ်တကျစီမံထူထောင်၍ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန်ဖြစ်ကြောင်း။

**ရည်ရွယ်ချက်များနှင့်အညီ ကျင်းပ**

ထို့ပြင် စက်မှုဇုန်များ၏ ကွန်ရက်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်၊ စက်မှုလုပ်ငန်းများကြောင့် သဘာဝနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ စွမ်းအင်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုများအား သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန် စံညွှန်းများနှင့် အညီ စနစ်တကျစီမံဆောင်ရွက်စေရန်၊ စက်မှုဇုန်များတွင် အသုံးပြုခွင့်ရရှိထားသော မြေများကို လက်တွေ့အသုံးပြုခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်စေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်သွားနိုင်စေရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ ကျင်းပခြင်းဖြစ်ကြောင်း။

စက်မှုဇုန်နှင့် ပတ်သက်သည့် ဥပဒေကို ၂၀၂၀ ပြည့်နှစ် မေ ၂၆ ရက်တွင်ထုတ်ပြန်ခဲ့ပြီး နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၂၄ ခုနှစ် ဧပြီ ၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမိန့်ကြော်ငြာစာအမှတ် (၉၈/ ၂၀၂၄) ဖြင့် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဗဟိုကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ပြီး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က တင်ပြထားသည့် အငယ်စားစက်မှုဇုန် ဖော်ဆောင်ရေးကိုလည်း ဆွေးနွေးပြီး ဆက်လက်တင်ပြသွားရန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ယနေ့ထိ ဖွင့်လှစ်ပြီး စက်မှုဇုန်များကို ကြည့်လျှင် ပင်မစက်မှုဇုန် ၂၈ ခုနှင့် ဇုန်ခွဲများပါရှိပါက ၅၃ ခုရှိပြီး စက်မှုရပ်ကွက် (၅) ခုရှိသည်ကို တွေ့ရကြောင်း၊ တည်ထောင်ဆဲ စက်မှုဇုန်စီမံကိန်းမှာ နှစ်ခုရှိကြောင်း၊ တည်ထောင်ပြီး စက်မှုဇုန်များကို အဆင့်မြှင့်တင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ဥပဒေ၊ နည်းဥပဒေနှင့် မကိုက်ညီသည့် အချက်များကိုလည်း ပြန်လည်ပြင်ဆင် တည့်မတ်ထိန်းကျောင်းသွားကြရမည်ဖြစ်ကြောင်း။

**ဖွဲ့စည်းပေးရမည်**

ဗဟိုကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးရမည့် လုပ်ငန်းမှာ ဒေသဆိုင်ရာစက်မှုဇုန်များ တည်ဆောက်ရေးနှင့် ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပေးရမည်ဖြစ်ကြောင်း၊ အဆိုပါကော်မတီဖွဲ့စည်းပေးပြီးမှသာ စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီကို ထပ်မံဖွဲ့စည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းများ အမြဲမပြတ်လည်ပတ်နိုင်ရန် စီမံခန့်ခွဲရေးရုံးအဖွဲ့များကိုလည်း ဖွဲ့စည်းပေးရမည်ဖြစ်ကြောင်း၊ အဓိကအရေးကြီးသည့် ရန်ပုံငွေတည်ထောင်ရေးအပိုင်းကို စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်မှသာ လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် မူဝါဒချမှတ်ခြင်းနှင့် အခက်အခဲများ ဖြေရှင်းခြင်းကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထူထောင်ပြီး စက်မှုဇုန်များနှင့် ထပ်မံဆောင်ရွက်မည့် စက်မှုဇုန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာ ဒေသဆိုင်ရာစက်မှုဇုန်များ တည်ဆောက်ရေးနှင့် ကြီးကြပ်ရေးကော်မတီနှင့် ဒေသအစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြီးကြပ်ရမည်ဖြစ်ပြီး စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီများက အဓိကအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ဆွေးနွေးအဖြေရှာ**

သို့ဖြစ်၍ ကြီးကြပ်ရေးကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့တွင် ပါဝင်သင့်၊ ပါဝင်ထိုက်သူများ ပါရှိမှသာ လုပ်ငန်းများ အောင်မြင်နိုင်မည် ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ရွေးချယ်တာဝန်ပေး ကြပ်မတ် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စက်မှုဇုန်၊ ဇုန်ခွဲများနှင့် စက်မှုရပ်ကွက်အချို့တို့တွင် လူနေထိုင်မှုများ ရောထွေးနေသည့်အတွက် စက်မှုဇုန် ဥပဒေ၊ နည်းဥပဒေအတိုင်း ဆွေးနွေးအဖြေရှာပြီး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသစ်ဖော်ဆောင်မည့် စက်မှုဇုန်များကိုလည်း ဥပဒေ၊ နည်းဥပဒေအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်တွင် ပါဝင်နေသည့် **"တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး"** ဆိုသည့်အတိုင်းရှိပြီး စက်မှုဇုန်အလိုက်နှင့် တိုးချဲ့မည့်စက်မှုဇုန်အလိုက် ပို့ကုန်တိုးမြှင့်ထုတ်လုပ် တင်ပို့နိုင်ရေးအတွက်လည်း စနစ်တကျစီမံဆောင်ရွက်နိုင်မည့် အခွင့်အရေးဖြစ်ပါကြောင်း။

**ကြပ်မတ်ဆောင်ရွက်**

စက်မှုဇုန်များအလိုက် အမျိုးအစားတူသည့် လုပ်ငန်းများတွင် ခွင့်ပြုထားသည့် လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ခြင်းရှိ၊ မရှိကို ဒေသဆိုင်ရာ စက်မှုဇုန်များတည်ဆောက်ရေးနှင့် ကြီးကြပ်ရေးကော်မတီများက ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးမှ တင်ပြလာသော စက်မှုဇုန်မှာ ဧက ၅၀၀ အောက်ဖြစ်သည့်အတွက် အငယ်စားစက်မှုဇုန်ဖြစ်ပြီး အဆိုပါအငယ်စားစက်မှုဇုန်အနေဖြင့် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် ဝါတို့ကို အခြေခံသော တန်ဖိုးမြှင့်ထုတ်လုပ်သည့် ထုတ်လုပ်မှုလုပ်ငန်းများအား အဓိကအစုအဖွဲ့ဖြင့် နေရာချထားပေးရန် လိုအပ်ကြောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် ဆီထွက်သီးနှံ၊ စက်မှုသီးနှံနှင့် နို့ထွက်ပစ္စည်း တိုးချဲ့ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှစ်စဉ်ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရသဖြင့် ပြည်တွင်းစားသုံးဆီဖူလုံမှုရရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် ဝါမှထွက်ရှိလာသော ချည်များကို တန်ဖိုးမြှင့်ချည်ထည်များအထိ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် တန်ဖိုးမြှင့်ချည်ထည်များ ထုတ်လုပ်ရေးစီမံဆောင်ရွက်ရန်၊ ပြည်တွင်း၌ နို့ထွက်ပစ္စည်းများ ဖူလုံအောင်ထုတ်လုပ်နိုင်ရေးနှင့် နို့ချက်စက်ရုံများ တည်ဆောက်နိုင်ရေး ဆောင်ရွက်ရန် ညွှန်ကြားချက်ကိုလည်း မှတ်သားပြီး လိုက်နာဆောင်ရွက်သွားရန် လိုကြောင်းနှင့် မကွေးတိုင်းဒေသကြီးမှ တင်ပြလာသည့် စက်မှုဇုန်အဆိုပြုချက်တွင် ဝါနှင့်ချည်မျှင်လုပ်ငန်း၊ ဆီထွက်သီးနှံလုပ်ငန်းများမပါရှိ၍ အဆိုပြုချက်အသစ် ပြန်လည်တင်ပြပေးရန် လိုကြောင်း။

မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်နှင့် ဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပြီး နိုင်ငံအတွက် လိုအပ်သည့် ထုတ်ကုန်များကို အပြည့်အဝထုတ်လုပ်နိုင်ရေး ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့ နိုင်ငံတွင် အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များရှိကြောင်း၊ ယင်းတို့မှာ စီးပွားရေးဇုန်ခြင်းတူသော်လည်း အမျိုးအစားခြင်းမတူညီသည့်အတွက် အထူးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံဆောင်ရွက်နေသည့် စက်မှုဇုန်များကို သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့ အောင်မြင်အောင် မိမိတို့ စက်မှုဇုန်များကို စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် ဥပဒေ၊ နည်းဥပဒေများကို သိရှိကျွမ်းကျင်နားလည်ပြီး လိုက်နာဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်တို့က ဗဟိုကော်မတီသို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ စက်မှုဇုန်များ သမိုင်းကြောင်း၊ စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေ ရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ စက်မှုဇုန်များကို စီမံကြီးကြပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းဗျူဟာဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

❖ စက်မှုဇုန်များအလိုက် အမျိုးအစားတူသည့် လုပ်ငန်းများတွင် ခွင့်ပြုထားသည့် လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ခြင်းရှိ၊ မရှိကို ဒေသဆိုင်ရာ စက်မှုဇုန်များ တည်ဆောက်ရေးနှင့် ကြီးကြပ်ရေး ကော်မတီများက ကြပ်မတ်ဆောင်ရွက်သွားကြရမည်

❖ မကွေးတိုင်းဒေသကြီးမှ တင်ပြလာသော စက်မှုဇုန်မှာ ဧက ၅၀၀ အောက်ဖြစ်သည့်အတွက် အငယ်စားစက်မှုဇုန်ဖြစ်ပြီး အဆိုပါ အငယ်စားစက်မှုဇုန်အနေဖြင့် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် ဝါတို့ကို အခြေခံသော တန်ဖိုးမြှင့်ထုတ်လုပ်သည့် ထုတ်လုပ်မှုလုပ်ငန်းများအား အဓိကအစုအဖွဲ့ဖြင့် နေရာချထားပေးရန် လိုအပ်

❖ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်နှင့် ဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပြီး နိုင်ငံအတွက် လိုအပ်သည့် ထုတ်ကုန်များကို အပြည့်အဝထုတ်လုပ်နိုင်ရေး ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန် လိုအပ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကံဆွယ်ကျေးရွာအုပ်စု မြသုခကျေးရွာအနီး အနောက်ပြက္ခရွေတောင်ပေါ်ရှိ စွယ်တော်မြတ်စေတီသို့ ဖောက်လုပ်ထားရှိသည့် တောင်တက်မြေသားလမ်း လေးမိုင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရာသီမရွေးသွားလာနိုင်သည့် အမာခံလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စွယ်တော်မြတ်စေတီပရိဝုဏ်အတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ထပ်မံဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာမြို့နယ် ကျောင်းရွာကျေးရွာတွင် သန့်ရှင်းသောမြေအောက်သောက်သုံးရေရရှိရေးအတွက် ရေတွင်းတူးစက်ဖြင့် အဝီစိတွင်းနက်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရေရှားပါးသည့်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အဆင့်မြင့်ရေကြောရှာဖွေစက်နှင့် ရေတွင်းတူးစက်များကို အသုံးပြု၍ ကျွမ်းကျင်ဝန်ထမ်းများဖြင့် လိုအပ်သောဒေသများတွင် တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)၌ ကျောင်းသား ကျောင်းသူများ တီထွင်ဖန်တီးထားရှိသည့် ခေတ်မီနည်းပညာလက်ရာများအား ကြည့်ရှုစစ်ဆေးစဉ်။

ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ရွာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ရောက်ရှိပြီး ဖွံ့ဖြိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ခိုင်မာပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဖြစ်ပေါ်လာစေရေး အလေးထားပြုစုပျိုးထောင်ရေး၊ ကျောင်းသားကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး ပညာရေးတိုးတက်မြင့်မားစေရေး၊ မကြာမီ ကျောင်းများပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ ကျောင်း၏ဥပမိရုပ်ကောင်းမွန်စေရေးနှင့် စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာများ အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ ဆရာ ဆရာမများအနေဖြင့် တက္ကသိုလ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် မကြာမီကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) အတွက် ပြင်ဆင်ရမည့်အချက်များကို မှာကြားပြီး စားရိပ်သာတွင် ကျောင်းသူများနှင့် နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အိပ်ဆောင်များ၊ စားရိပ်သာများ၊၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် အားကစားခန်းမ၊ အားကစားကွင်းနှင့် ပွဲကြည့်စင်၊ တက္ကသိုလ်အတွင်း ဖွင့်လှစ်ထားရှိသည့် မွေးမြူရေးအစာစပ်စက်ရုံ၊ ဝန်ထမ်းသက်သာအရောင်းဆိုင်၊ စိုက်ပျိုးမွေးမြူရေးဇုန်အတွင်းရှိ အသားစားကြက်ခြံ၊ ဥစားကြက်ခြံ၊ ငါးမွေးမြူရေး ဆောင်ရွက်ထားရှိမှု၊ ငါးမွေးမြူရေးကန်များ တူးဖော်နေမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လုပ်ငန်းဆိုင်ရာလိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ရှိ ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်းရှိ အားကစားကွင်းနှင့် ပွဲကြည့်စင်၊ ဆောက်လုပ်ဆဲလေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ ကျောင်းသား ကျောင်းသူများ၏အိပ်ဆောင်များ၊ စားရိပ် သာများ၊ စားဖိုဆောင်များ၊ ကျောင်းသား ကျောင်းသူများ တီထွင်ဖန်တီးထားရှိသည့် ခေတ်မီနည်းပညာလက်ရာများ၊ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိသည့် ငါးခူမွေးမြူရေးကန်များနှင့် ဒီဂရီကောလိပ်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပြည်သူ့ဆေးရုံကြီး ပြင်ဦးလွင်မြို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့ဆေးရုံကြီး ပြင်ဦးလွင်မြို့သို့ သွားရောက်ကာ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊အထွေထွေရောဂါကုသဆောင်၊ အရိုးရောဂါကုသဆောင်၊ ခွဲစိတ်ကုသဆောင်များ၌ လူနာများ ဆေးဝါးကုသမှုခံယူနေမှုနှင့် လူနာခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများ စိတ်အေးချမ်းသာစွာ ကုသမှုခံယူနိုင်ရေး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ဆေးရုံကြီး ပြင်ဦးလွင်မြို့ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကုသရေးလုပ်ငန်းများ အပြင် ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေး လုပ်ငန်းများ စသည့် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန လုပ်ငန်းများကိုလည်း သွက်လက်လျင်မြန်စွာဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေများ အလုံအလောက်ချထားပေးပြီး ဝန်ကြီးဌာနက လိုအပ်သည့်ဆေးနှင့် ဆေးပစ္စည်းများကို ထောက်ပံ့ပေးထားသည့်အတွက်ကြောင့် ပြည်သူများအကျိုးရှိစေရေး စနစ်တကျသုံးစွဲရန် မှာကြားသည်။

ယင်းနောက် ပြည်သူ့ဆေးရုံကြီး ပြင်ဦးလွင်မြို့ ဆေးရုံအုပ် ဒေါက်တာသိန်းထွန်းက ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြပြီး အထူးကုဆရာဝန်ကြီးများက သက်ဆိုင်ရာဘာသာရပ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ပထမအကြိမ် ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်

နေပြည်တော် မေ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (အမျိုးသမီးဝတ်၊ ကလေးဝတ်၊ အမျိုးသားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို အပတ်စဉ်တစ်ခုလျှင်ရက်သတ္တခြောက်ပတ်ဖြင့် သင်ကြားပေးလျက်ရှိပြီး ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခုကို နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများတွင် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ်ကျောင်းအခြေပြုသင်တန်းအား မေ ၂ ရက်မှ ဇွန် ၇ ရက်ထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင် သင်တန်းသား ၂၉ ဦး၊ သင်တန်းသူ ၃၅၆ ဦး စုစုပေါင်း သင်တန်းသားသင်တန်းသူ ၃၈၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## "ပင့်ကျေးရစ်ကြေ၊ သည်နှစ်ထွေ၊ မှတ်လေခွဲခြားခြား" - "ကမ္ဘာမကျေ၊ ယပင့်လေ၊ မသွေမြဲမှတ်ထား"

(ယမန်နေ့မှအဆက်)

အစာကြေသည်၊ အစာကြေဆေးတို့ကို အရစ် "ကြေ" ဖြင့်ရေးရပါသည်။ အစာဆိုသည်မှာ ကိုင်တွယ်၍ရသော၊ ကြည့်ရှု၍ မြင်ရသော အရာဖြစ်သောကြောင့် ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲဖြစ်သော အစာမုန့်မုန့်ညက်ညက် ဖြစ်သည်ကိုပင် အစာ "ကြေ" သည်ဟု ဆိုသည်။ အစာကို မုန့်မုန့်ညက်ညက်ဖြစ်အောင် စွမ်းဆောင်သောဆေးကိုလည်း အစာကြေဆေးဟုပင်ဆိုရသည်။

သဘောတရားကျေညက်သည်ကို အပင့် "ကျေ"ဖြင့် ရေးရပါသည်။ အဘယ်ကြောင့်ဆိုသော် သဘောတရားဟူသည် ကိုင်တွယ်ထိတွေ့၍ ရကောင်းသော အရာမဟုတ်။ စိတ္တဇနာမ်မျှသာ ဖြစ်သောကြောင့်ဖြစ်၏။

အစာကြေညက်သည်ကိုမူ အရစ်"ကြေ" ဖြင့်ရေးရပေမည်။ အဘယ်ကြောင့်ဆိုသော် အစာသည် ကိုင်တွယ်၍ရသော ကြည့်ရှု၍မြင်ရသော ဝတ္ထုဒြပ်အစိုင်အခဲဖြစ်သဖြင့် ထိုအစာ "မုန့်မုန့်ညက်ညက်" ဖြစ်သည်ကို အစာကြေသည်ဟု အရစ် "ကြေ"ဖြင့် ရေးရခြင်းဖြစ်ပါသည်။

သေကျေသည်၊ သေသေကျေကျေ၊ အသေအကျေတို့ကို အပင့် "ကျေ" ဖြင့် ရေးရပါသည်။ များသောအားဖြင့် သေကြေသည်၊ သေသေကြေကြေ၊ အသေအကြေဟု အရစ် "ကြေ" ဖြင့် ထင်ယောင်ထင်မှား ရေးသားတတ်ကြသည်ကို တွေ့ရသည်။ စဉ်းစဉ်းစားစား မဟုတ်ဘဲ အမှတ်တမဲ့ ရေးသဖြင့် အရစ် "ကြေ"ဖြင့် ရေးမိခြင်းဖြစ်တန်ရာပါသည်။ စင်စစ်အားဖြင့် သေကျေဟု အပင့် "ကျေ" ဖြင့်ရေးမှ ပျောက်ကွယ်ဟူသော အဓိပ္ပာယ်ပေါ်ပေလိမ့်မည်။ "သေကျေသူ" ရှိသည်ကို အသေအပျောက်ရှိသည်ဟု ဆိုခြင်းပင်ဖြစ်သည်။ အသေအပျောက် ဆိုသည်မှာ သေဆုံးသူ ပျောက်ဆုံးသူ ဆိုသည်မဟုတ်။ "ဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် သေကျေပျက်စီးမှု၊ သေပျောက်ပျက်စီးမှု"ကို ဆိုလိုခြင်းဖြစ်သည်။ (ခရီးဆောင် အဘိဓာန်၊ မျက်နှာ ၃၇၁) သေသွားလျှင် မုန့်မုန့်ညက်ညက် ဖြစ်သွားသည့်ထုံးမရှိသဖြင့် သေကြေဟု အရစ် "ကြေ"ဖြင့် ရေးရန် အကြောင်းမရှိပါ။ သေကျေဟု အပင့်ကျေဖြင့် ရေးမှသာ "ကျေ"၏ ပျောက်ကွယ်သော အဓိပ္ပာယ်ပေါ်လွင်ပေလိမ့်မည်။ ဝိညာဉ်ပျောက်သွားသည်။ အသက်ပျောက်သွားသည်။ ရှင်နေသောဘဝမှ ပျောက်ကွယ်သွားသည် မဟုတ်ပါလော။

ဤသို့ဖြင့် အပင့် "ကျေ"၊ အရစ် "ကြေ"၏ အခြေခံသဘောသဘာဝ အနက်အဓိပ္ပာယ်ကို သိသာလောက်ပေပြီ။ အကျယ်တဝင့် ရှင်းလင်းရန်၊ ဆွေးနွေးရန်ကား ရှိနေပေသေးသည်။ အပင့် "ကျေ" ၏ အဓိပ္ပာယ်ကို သိသဖြင့် အပင့် "မကျေ"၏ အဓိပ္ပာယ်ကိုလည်းကောင်း၊ အရစ် "ကြေ" ၏ အဓိပ္ပာယ်ကိုသိသဖြင့် အရစ် "မကြေ"၏ အဓိပ္ပာယ်ကိုလည်းကောင်း ဆွေးနွေးရန် လိုတော့မည် မဟုတ်ပါ။ ကမ္ဘာမကျေလော၊ ကမ္ဘာမကြေလော၊ မည်သည်က သင့်လျော်မည်နည်းဆိုသည်ကိုသာ စဉ်းစားဆုံးဖြတ်ရပေတော့မည်။

ယခုအခါ "ကမ္ဘာ"ဟူသောဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို စဉ်းစားရန်လိုအပ်ပေပြီ။ "ကမ္ဘာ"ဟူသောဝေါဟာရသည် "ကပ္ပ"ဟူသော ပါဠိဝေါဟာရ၊ "ကလ္ပ" ဟူသော သက္ကတဝေါဟာရတို့မှ ရွေ့လျားလာသော ဝေါဟာရဖြစ်သည်ဟု ယူကြပါသည်။ အဘိဓာနပ္ပဒီပိကာကျမ်းတွင် ကပ္ပ၏ အနက်ကို ၁၄ ချက်မျှ ပြထားသော်လည်း မြန်မာတို့က "ကပ္ပ" မှ ရွေ့လျားလာသော ကမ္ဘာ၏အနက်၊ အဓိပ္ပာယ်ကို သုံးမျိုးလေးမျိုးမျှသာ သုံးနှုန်းကြပေသည်။

ခရီးဆောင် မြန်မာအဘိဓာန်တွင် ကမ္ဘာ၏အဓိပ္ပာယ်ကို အောက်ပါအတိုင်း ၃ မျိုးဖွင့်ပြထားပါသည်။

၁။ အလွန်ရှည်လျားသော ကာလအပိုင်းအခြား။
၂။ သတ္တဝါများနေထိုင်ရာ တောတောင်ရေမြေ။
၃။ (သိပ္ပံ) နေရှိရာမှ အစဉ်အားဖြင့် တတိယဖြစ်၍ အရံဂြိုဟ် တစ်လုံးရှိသောဂြိုဟ်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက် ၃ ရပ်တွင် (၁) အဖွင့်သည် မဟာကပ်ကို ဆိုလို၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းစသည်တို့တွင် သုံးသော "ကမ္ဘာ" ဖြစ်သည်။(၂) အဖွင့်သည် သတ္တလောကကြီးကိုဆိုသော "ကမ္ဘာ" ဖြစ်သည်။ (၃) အဖွင့်သည် မဟာပထဝီမြေကြီးကိုဆိုသော "ကမ္ဘာ" ဖြစ်သည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက် ၃ ရပ်တွင် "ကမ္ဘာမကျေ"မှ ကမ္ဘာသည် မည်သည့်ကမ္ဘာဖြစ်ပါသနည်း။ အဖွင့် (၂) မဟုတ်၊ အဖွင့် (၃) မဟုတ်၊ မဟာကပ်ကမ္ဘာကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဤ၌ "ကမ္ဘာ"သည် ကတ္တားပုဒ်မဟုတ်။ ထို့ကြောင့် ကမ္ဘာမကျေဟူသည် မဟာကပ်ကမ္ဘာ (ရှည်လျားချိန်တာ) မပျောက်ကွယ်ဟုလည်းမဆိုလို။ ကမ္ဘာမြေကြီး (မဟာပထဝီ) မပျောက်ကွယ်ဟုလည်း မဆိုလို။ သတ္တလောကကြီး မပျောက်ကွယ်ဟုလည်း မဆိုလို။ ကမ္ဘာသည် အချိန်ပြပုဒ်သာ ဖြစ်ပေသည်။ ကပ်ကမ္ဘာများစွာ ကြာမြင့်သည့်တိုင်အောင်ဟု ဆိုလိုပါသည်။ မကျေ၊ မကွယ် ပျောက်ဟူသော ကြိယာ၏ ကတ္တားကားအဘယ်နည်း။ နောက်တွင် ကပ်လျက်လာသော "မြန်မာပြည်" ဖြစ်ပါသည်။

ထို့ကြောင့် "ကမ္ဘာမကျေ၊ မြန်မာပြည်" ဆိုသည်မှာ ကပ်ကမ္ဘာများစွာ ကြာမြင့်သည့်တိုင်အောင် ပျောက်ကွယ်မည်မဟုတ်သော မြန်မာပြည်၊ တစ်နည်းဆိုသော် ကပ်ကမ္ဘာများစွာ ကြာမြင့်သည့်တိုင်အောင် ဥဒါန်း မကျေပြောစမှတ်တွင်နေမည့် မြန်မာပြည်ဟု အဓိပ္ပာယ်ဖွင့်သင့်ပါသည်။ "ကမ္ဘာမကျေ"ဟု အပင့် "ကျေ"ကို ယုံကြည်စိတ်ချစွာ သုံးနှုန်းကြပါကုန်။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။**

# စက်မှုဝန်ကြီးဌာနမှ သံမဏိစက်ရုံစီမံကိန်းနှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ စီမံကိန်းနှစ်ခုပြီးစီးပါက တစ်နှစ်လျှင် တန်ချိန် ငါးသိန်းခန့်ကို ထပ်မံဖြည့်တင်းထုတ်လုပ်ပေးနိုင်မည်

နေပြည်တော် မေ ၂၉

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် မေ ၂၅ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပသည့် မြန်မာနိုင်ငံ သံနှင့်သံမဏိ အသင်း ပထမအကြိမ်မြောက် နှစ်ပတ်လည်အစည်း အဝေးသို့ တက်ရောက်သည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ နည်းပညာတက္ကသိုလ် (မှော်ဘီ) ပါမောက္ခချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ပညာရှင်များ၊ သံနှင့်သံမဏိ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ အနေဖြင့် ပြည်တွင်း၌ တစ်နှစ်လျှင် သံနှင့်သံမဏိ တန်ချိန် တစ်သန်းခန့်ထုတ်လုပ်လျက်ရှိပြီး ပြည်ပမှ သံမဏိတန်ချိန် နှစ်သန်းခန့် တင်သွင်းရသဖြင့် တစ်နှစ်လျှင် သံနှင့်သံမဏိတန်ချိန် သုံးသန်းခန့် လိုအပ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ စက်မှု ဝန်ကြီးဌာနမှ သံမဏိစက်ရုံစီမံကိန်းနှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းနှစ်ခု ပြီးစီးပါက တစ်နှစ်လျှင် တန်ချိန် ငါးသိန်းခန့်ကို ထပ်မံဖြည့်တင်းထုတ်လုပ်ပေးနိုင် မည်ဖြစ်ကြောင်း၊ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ သံမဏိလိုအပ်ချက်ကို ပံ့ပိုးပေးနိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် လျှပ်စစ်ပစ္စည်းများအား ဓာတ်ခွဲစမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့အတူ ဒုတိယဝန်ကြီးသည် မေ ၂၆ ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနတွင် ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်အရောင်းပြခန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြည်တွင်း MSME လုပ်ငန်းများမှ ထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုး ခင်းကျင်းပြသရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်စစ်ဆေးရေးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လျှပ်စစ်နှင့်ဆက်စပ်လုပ်ကိုင်လျက်ရှိသည့် အစိုးရ-ပုဂ္ဂလိကဌာန၊ စက်ရုံ၊ အလုပ်ရုံများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ လျှပ်စစ်စစ်ဆေးရေးဌာန၊ ဓာတ်ခွဲခန်းနှင့် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းများမှ လျှပ်စစ်ကျွမ်းကျင်သူများ ပိုမိုမွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားရန် မှာကြား၍ ဓာတ်ခွဲခန်းအတွင်း၌ လျှပ်စစ်ပစ္စည်းများအား ဓာတ်ခွဲစမ်းသပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အမှတ် (၂၄) အကြီးစားစက်ရုံ(ဒဂုံ)သို့ရောက်ရှိပြီး စက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုံခြုံရေး၊ စက်ပစ္စည်းများ ပျက်စီးမှုမရှိစေရေး၊ ခေတ်မီနည်းပညာများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကိုမှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၂၉

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီ တည်ထောင်လိုသော **ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၁၆ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၆၆ ပါတီ ရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၂၉

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မိုး/ဇလ

# ရာသီဥတုအညွှန်းကိန်းသီးနှံအာမခံအကြောင်းနှင့် ပတ်သက်၍ ....

သတင်းအဖွဲ့

**သီးနှံအာမခံနှင့် ပတ်သက်၍ မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးကို သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းထားပါသည် -**



**မေး။** သီးနှံအာမခံ ဆောင်ရွက်ခဲ့တာနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါခင်ဗျာ။

**ဖြေ။** မြန်မာနိုင်ငံမှာ သီးနှံအာမခံစနစ်ကို ၂၀၁၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့တာပါ။ စတင်ဆောင်ရွက်ခဲ့စဉ်က ရှေ့ပြေးစမ်းသပ်မှုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နဲ့ ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့မှာပဲ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ခဲ့ရာမှာ မိုးစပါးတစ်မျိုးတည်းကိုပဲ ဆောင်ရွက်ခဲ့ပြီး သတ်မှတ်ထားတဲ့ မိုးရေချိန်အညွှန်းကိန်းအောက်လျော့နည်းပါက လျော်ကြေးပေးချေတဲ့စနစ်နဲ့ ဆောင်ရွက်ခဲ့တာပါ။ အာမခံကာလအနေနဲ့လည်း ဇူလိုင်လ ၁ ရက်နေ့ကနေ ဩဂုတ်လ ၃၁ ရက်နေ့အထိ ပထမလျော်ကြေး သတ်မှတ်ကာလ၊ စက်တင်ဘာလ ၁ ရက်နေ့ကနေ အောက်တိုဘာလ ၃၁ ရက်နေ့ထိ ဒုတိယလျော်ကြေး သတ်မှတ်ကာလအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့ရာက ရွှေဘိုမြို့မှာ ဒုတိယသတ်မှတ်ကာလ သတ်မှတ်မိုးရေချိန်အညွှန်းကိန်းအောက် လျော့နည်းခဲ့တာကြောင့် လျော်ကြေးပေးချေခဲ့ရပြီး ပြည်မြို့မှာတော့ လျော်ကြေးပေးချေခဲ့ရခြင်း မရှိခဲ့ပါဘူး။

**မေး။** အာမခံကြေးနဲ့ လျော်ကြေးပေးချေတဲ့ပုံစံလည်း သိချင်ပါတယ်။

**ဖြေ။** နိုင်ငံတကာမှာ အာမခံကြေးကို အာမခံထားငွေရဲ့ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်းနှုန်းအထိ ကျသင့်ပေမယ့်လည်း မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ အာမခံထားငွေရဲ့ နှစ်ရာခိုင်နှုန်းအဖြစ် သတ်မှတ်ခဲ့ပါတယ်။ လျော်ကြေးပေးချေမှုအနေနဲ့လည်း နိုင်ငံတကာနည်းတူ ပထမကာလမှာ အာမခံထားငွေရဲ့ ၂၀ ရာခိုင်နှုန်း၊ ဒုတိယကာလမှာ ၃၀ ရာခိုင်နှုန်း သတ်မှတ်လျော်ကြေးပေးချေတဲ့စနစ်နဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်းကတော့ ရေကြီးနစ်မြုပ်ပျက်စီးမှုအကာအကွယ် မပါဝင်ခဲ့ပါဘူး။

**မေး။** ကျွန်တော်တို့ သိခဲ့ရတာ ၂၀၂၃ ဆောင်းသီးနှံမှာလည်း အာမခံဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီတုန်းက ဆောင်ရွက်ပုံလေး သိချင်ပါတယ်။

**ဖြေ။** ၂၀၂၃ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာတော့ ပဲမျိုးစုံ ၁၀ မျိုးကို သီးနှံအာမခံ ဆောင်ရွက်ခဲ့ပြီး ရှေ့ပြေးစမ်းသပ်မှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ခဲ့ရာမှာတော့ ဆောင်းသီးနှံဖြစ်တဲ့အတွက် အာမခံသဘောအရ အန္တရာယ်နည်းပါးတာကြောင့် အာမခံကြေးအနေနဲ့ တစ်ရာခိုင်နှုန်းသာ သတ်မှတ်ပြီး သတ်မှတ်ထားတဲ့ မိုးရေချိန်ထက် ကျော်လွန်ရွာသွန်းခဲ့ပါက လျော်ကြေးပေးချေတဲ့ပုံစံနဲ့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ လျော်ကြေးပေးချေမှု အကျုံးဝင်ခဲ့ခြင်းမရှိတဲ့အတွက် လျော်ကြေးပေးချေခဲ့ရခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။

**မေး။** အခုဆောင်ရွက်မယ့် သီးနှံအာမခံပုံစံကို ရှင်းပြပေးပါ။

**ဖြေ။** ယခင် ၂၀၁၉ က ဆောင်ရွက်ခဲ့တဲ့ မိုးစပါး စိုက်ပျိုးရာသီကို အခြေခံပြီး ဆောင်ရွက်ခဲ့တာပါ။ ယခင်ကတော့ မြန်မာပြည်အထက်ပိုင်း၊ အောက်ပိုင်းခွဲခြားမှုမရှိဘဲ သတ်မှတ်မိုးရေချိန်အောက် လျော့နည်းခြင်းကိုသာ အကာအကွယ်ပေးခဲ့ရာက အခုအခါမှာတော့ မြန်မာပြည်အထက်ပိုင်း သဘာဝအရ မိုးအများကြီး မရွာတတ်တာကြောင့် မိုးခေါင်ခြင်း (သတ်မှတ်ထားသော မိုးရေချိန်အောက်လျော့နည်းခြင်း)၊ မြန်မာပြည်အောက်ပိုင်းမှာ မိုးများတတ်တဲ့သဘောရှိတဲ့အတွက် မိုးကြီးခြင်း (သတ်မှတ်ထားသော မိုးရေချိန်ထက်ကျော်လွန်ခြင်း) ပုံစံနဲ့ ဆောင်ရွက်ခဲ့သလို ဒီနေ့အချိန်အခါမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခြင်း အကာအကွယ်ကိုလည်း ထည့်သွင်းဆောင်ရွက်ထားပါတယ်။ ရေကြီးနစ်မြုပ်ပျက်စီးခြင်းဆိုရာမှာ မြစ်ရေကြီးခြင်း၊ ချောင်းရေကြီးခြင်း၊ တောင်ကျချောင်းရေဝင်ရောက်ခြင်း၊ ရေကျပြီးသဲဖုံးခြင်း၊ ရေဆိုးထုတ်မြောင်း ရေကြီးရေလျှံခြင်း၊ ချောင်းတာပေါင် ကျိုးပျက်ခြင်း၊ မြောင်းပေါင်များ ကျိုးကျရေကြီးခြင်း၊ ရေတာတမံ ကျိုးပေါက်ပျက်စီးခြင်း၊ ဒီရေတက်တဲ့အချိန်နဲ့ တိုက်ဆိုင်တာကြောင့် ရေကြီးနစ်မြုပ်ခြင်းစတဲ့ အကြောင်းရင်းတွေကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခြင်းဖြစ်ပေါ်ပါက လျော်ကြေးပေးချေသွားမှာ ဖြစ်ပါတယ်။

**မေး။** ယခုဆောင်ရွက်မယ့် သီးနှံအာမခံရဲ့ အာမခံကြေးနဲ့ လျော်ကြေးပေးချေတဲ့ ပုံစံကိုလည်း သိချင်ပါတယ်။

**ဖြေ။** အာမခံကြေးအနေနဲ့လည်း ယခင် ၂၀၁၉ ခုနှစ်မှာ သတ်မှတ်ထားသလို သတ်မှတ်ထားပြီး တောင်သူတွေ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ အာမခံထားငွေရဲ့ နှစ်ရာခိုင်နှုန်းအဖြစ် ဆောင်ရွက်ထားရှိပါတယ်။

မြန်မာပြည် အထက်ပိုင်းဒေသတွေမှာ ပထမသတ်မှတ်ကာလ (ဇူလိုင်လ ၁ ရက်နေ့ကနေ ဩဂုတ်လ ၃၁ ရက်နေ့အတွင်း) သတ်မှတ်ထားတဲ့ မိုးရေချိန်အောက်လျော့နည်းရင် အာမခံထားငွေရဲ့ ၂၀ ရာခိုင်နှုန်းနဲ့ ရေကြီးနစ်မြုပ်ပျက်စီးခဲ့ရင် အာမခံထားငွေရဲ့ ၂၀ ရာခိုင်နှုန်း စုစုပေါင်း အာမခံထားငွေရဲ့ ၄၀ ရာခိုင်နှုန်းအထိ လျော်ကြေးပေးချေသွားမှာ ဖြစ်ပါတယ်။



ဒါ့အပြင် ပထမသတ်မှတ်ကာလမှာ လျော်ကြေးမပေါ်ပေါက်ခဲ့ရင်လည်း ဒုတိယသတ်မှတ်ကာလ (စက်တင်ဘာလ ၁ ရက်နေ့ကနေ အောက်တိုဘာလ ၃၁ ရက်နေ့အတွင်း) သတ်မှတ်ထားတဲ့ မိုးရေချိန်အောက်လျော့နည်းပါက အာမခံထားငွေရဲ့ ၃၀ ရာခိုင်နှုန်းနဲ့ ရေကြီးနစ်မြုပ်ပျက်စီးခဲ့ပါက အာမခံထားငွေရဲ့ ၃၀ ရာခိုင်နှုန်း စုစုပေါင်း အာမခံထားငွေရဲ့ ၆၀ ရာခိုင်နှုန်း လျော်ကြေးပေးချေသွားမှာ ဖြစ်ပါတယ်။

မြန်မာပြည် အောက်ပိုင်းဒေသတွေမှာလည်း သတ်မှတ်ထားတဲ့ မိုးရေချိန်ထက် ကျော်လွန်ခဲ့ရင် အထက်ဖော်ပြပါ ရာခိုင်နှုန်းတွေအတိုင်း လျော်ကြေးပေးချေသွားမှာ ဖြစ်ပါတယ်။ ယခင် ၂၀၁၉ မိုးစပါး ဆောင်ရွက်ခဲ့စဉ်ကထက် လျော်ကြေးနှစ်ဆတိုးပြီး အကျိုးခံစားခွင့်ရရှိစေဖို့ စီမံဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။

**မေး။** လျော်ကြေးသတ်မှတ်ပုံနဲ့ ပတ်သက်လို့ တောင်သူတွေ မရှင်းလင်းတာတွေ ဖြစ်နိုင်တဲ့အတွက် ရှင်းပြပေးပါဦး။

**ဖြေ။** လျော်ကြေးပေးချေပုံနဲ့ပတ်သက်ပြီး အငြင်းပွားမှု၊ မကျေနပ်မှုတွေ မဖြစ်ပေါ်စေဖို့ စီမံထားရှိပြီးဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ မိုးရေချိန်အညွှန်းကိန်းကိုလည်း မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့ Facebook စာမျက်နှာမှာ နေ့စဉ်မိုးရွာသွန်းမှု အချက်အလက်တွေကို အလွယ်တကူ ကြည့်ရှုနိုင်ပြီး ရေကြီးနစ်မြုပ်ပျက်စီးမှုဖြစ်ပေါ်ရင်လည်း တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ဖွဲ့စည်းထားတဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေး ကြီးကြပ်မှုကော်မတီက မှန်ကန်စွာဆုံးဖြတ်ပေးမှာဖြစ်လို့ အငြင်းပွားမှု၊ မရှင်းလင်းမှုဖြစ်ပေါ်စေမှာ မဟုတ်ပါဘူး။

**မေး။** အာမခံထားငွေကို ဘယ်လိုသတ်မှတ်တာလဲ သိပါရစေ။

**ဖြေ။** မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တစ်ဧကစိုက်ပျိုးစရိတ်ထုတ်ချေးငွေ ပမာဏအတိုင်း အာမခံတန်ဖိုး သတ်မှတ်ထားခြင်း ဖြစ်ပါတယ်။ ဒါမှသာ တောင်သူစိုက်ပျိုးသီးနှံရာသီဥတုဖောက်ပြန်မှုကြောင့် ချေးငွေပြန်ဆပ်ရန် အခက်အခဲပြေပျောက်စေဖို့နဲ့ ချေးငွေထုတ်ချေးတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့လည်း ချေးငွေဆုံးရှုံးမှုကို ကာကွယ်စေနိုင်မှာဖြစ်ပါတယ်။

**မေး။** ထပ်ပြီး ဖြည့်စွက်ပြောလိုတာရှိရင် ပြောပြပေးပါဦး။

**ဖြေ။** နိုင်ငံတကာမှာ သီးနှံအာမခံကို အစိုးရနဲ့ အဖွဲ့အစည်းတွေရဲ့ အထောက်အပံ့မရှိဘဲ အာမခံကုမ္ပဏီတွေက မဆောင်ရွက်နိုင်ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ လျော်ကြေး ပေါ်ပေါက်လာခဲ့ရင် တစ်ခွင်တစ်ပြင်ကြီး နေရာဒေသတစ်ခုလုံး လျော်ကြေးပေးရတာဖြစ်တဲ့အတွက် လျော်ကြေးပမာဏ အလွန်ကို ကြီးမားနိုင်တာ ဖြစ်တဲ့အတွက်ပါ။ မြန်မာ့အာမခံလုပ်ငန်းကတော့ တည်ထောင်စဉ်ကတည်းက အမြတ်အစွန်းရရှိရေးကို ရည်ရွယ်ဆောင်ရွက်တဲ့ အဖွဲ့အစည်းမဟုတ်တဲ့အတွက် တောင်သူအကျိုးအတွက် စေတနာအရင်းခံထားကာ အရှုံး/အမြတ် ထည့်မတွက်ဘဲ ကူညီဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း တောင်သူတွေ ပူးပေါင်းပါဝင် ဆောင်ရွက်မှပဲ အောင်မြင်မှာဖြစ်ပြီး ပိုမိုပြည့်စုံတဲ့ သီးနှံအာမခံစနစ် ဆက်လက်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ။



# ထို့ကြောင့် ဤအရာကို သမ/ကျေးလက်ဟု ခေါ်ပါသည်

မြင့်စိုး(နတလ)

**ယခင်နှင့်ယခု မှတ်တမ်းပြုရာကအစ**

ကျွန်တော် မြင့်စိုး(နတလ)သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပေရာ နယ်စပ်ဒေသများ၏ ယခင်မဖွံ့ဖြိုးသေးသော အခြေအနေ၊ ယနေ့ ဖွံ့ဖြိုးတိုးတက်ပြီး အစစအရာရာ ကွာဟပြောင်းလဲလာခဲ့သော အခြေအနေတို့ကို လက်တွေ့မြင်ခဲ့ဖူးကြုံခဲ့ဖူးသည်။ မှတ်တမ်းမှတ်ရာလည်း ပြုခဲ့ဖူးပါသည်။ ယခင် ပန်ဆန်းကျေးရွာ (၁၉၈၉) နှင့် ယနေ့ ပန်ဆန်းမြို့၊ ယခင် လောက်ကိုင်ကျေးရွာ (၁၉၈၉) နှင့် ယနေ့ လောက်ကိုင်မြို့ မြင်ကွင်းများသည်လည်းကောင်း၊ ယခင် ပန်ဝါကျေးရွာနှင့် ယခု ပန်ဝါမြို့၊ ယခင် နမ့်တစ်ကျေးရွာနှင့် ယခု နမ့်တစ်မြို့၊ ယခင် မိုင်းလားကျေးရွာ (၁၉၈၉) နှင့် ယခု မိုင်းလားမြို့ မြင်ကွင်းများသည်လည်းကောင်း၊ အလားတူ သံလွင်တံတား (တာကော်အက်) မတည်ဆောက်မီ သံလွင်မြစ်ကို ပွန်တွန်းလှေဖြင့် ဖြတ်ကူးခဲ့ရပုံ၊ မိုင်းလား အ.ထ.ကကျောင်းကြီး ဖြစ်မလာမီ ရှေးနှစ်ပေါင်းများစွာက မိုင်းလား အ.မ.က ကျောင်းလေးကို သက်ငယ်မိုးထရံကာ၊ ဝါးစာသင်ခုံလေးများဖြင့် ဆောက်လုပ်ဖွင့်လှစ်သင်ကြားပေးခဲ့ရပုံများကိုလည်းကောင်း နှလုံးသားကင်မရာဖြင့် ပြက်ပြက်ထင်ထင် ရိုက်ထားမိသကဲ့သို့ မှတ်တမ်းဓာတ်ပုံများကိုလည်း နောင်းလူတို့ သိရှိစေရန်အလို့ငှာ ထုတ်ဝေခဲ့ဖူးသည့် စာအုပ်အမျိုးမျိုးတွင် ဖော်ပြပေးထားပါသည်။ ထို့ပြင်တစ်ဝ နတလလုပ်ငန်းများ၏အစ ၁၉၈၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ဝန်ကြီးတာဝန်၊ ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်သွားခဲ့သူများ၊ နတလညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့သူများကိုလည်း မှတ်တမ်းပြုပေးခဲ့ဖူးသည်။ ပြည်ထောင်စုဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့သူများ၏ ဓာတ်ပုံများကို ထမ်းဆောင်ခဲ့သည့်ကာလနှင့်တွဲ၍ အစည်းအဝေးခန်းမ၌ ချိတ်ဆွဲဂုဏ်ပြုပေးခဲ့သည်။ ကျွန်တော်ရှိနေစဉ်ကာလ၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့် (ကွယ်လွန်) (၂၄-၉-၁၉၉၂ မှ ၁၅-၁၁-၁၉၉၇) မှသည် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် (၃-၃-၂၀၁၆ မှ စတင်သည်) အထိ ဖြစ်ပါသည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၏နောက် လက်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတာဝန်ကို ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ထမ်းဆောင်လျက်ရှိပါသည်။

ထိုကဲ့သို့ မှတ်တမ်းပြုခဲ့ဖူးသဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ရချိန်မှာလည်း ပြည်ထောင်စုဝန်ကြီး အဆက်ဆက်၏ ဓာတ်ပုံများ ချိတ်ဆွဲထားရှိရန်



သမဝါယမဝေါဟာရကို စတင်တီထွင်ခဲ့သူ သမဝါယမဝန်ထောက်မင်း ဦးမောင်မောင်ပြား (၁၉၀၄ ခုနှစ်)

အကြံပြုပေးခဲ့ပါသည်။ ထိုသို့ အကြံပြုချက်အရ ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ် ချစ်ဆွေ (၁၉၈၈-၁၉၈၉)၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ရဲကျော် (၁၉၈၉-၁၉၉၂)၊ ဗိုလ်ချုပ်မြသင်း(၁၉၉၂-၁၉၉၃)၊ ဦးသန်းအောင် (၁၉၉၃- ၁၉၉၈)၊ ဦးအောင်စန်း (၁၉၉၈-၂၀၀၂)၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ (၂၀၀၂-၂၀၀၃)၊ ဗိုလ်ချုပ်ဌေးဦး (၂၀၀၃-၂၀၀၄)၊ ဗိုလ်မှူးကြီး ဇော်မင်း (၂၀၀၄-၂၀၀၆)၊ ဗိုလ်ချုပ် တင်ထွတ် (၂၀၀၆-၂၀၁၁)၊ ဦးအုန်းမြင့် (၂၀၁၁-၂၀၁၂)၊ ဦးကျော်ဆန်း (၂၀၁၂-၂၀၁၅) တို့၏ မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ သမဝါယမဝန်ကြီးဌာနကြီး ငါးနှစ်တာ ပျောက်ကွယ်သွားပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၁ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းပေးသော အခါ ပြည်ထောင်စုဝန်ကြီး တာဝန်ယူခဲ့ရသည့် ဦးလှမိုး၏ ဓာတ်ပုံကိုလည်းကောင်း ချိတ်ဆွဲထားရှိ မှတ်တမ်းပြုပေးခွင့်ရခဲ့ပါသည်။

**အတိတ်ကာလဆီက သမဝါယမနိဒါန်း**

ကျွန်တော်က ဤသို့ဆိုလိုက်သဖြင့် သမဝါယမဆိုသည်မှာ နဝတ၊ နယကခေတ်က စခဲ့သလားဟူ၍ သို့လောသို့လော တွေးစရာဖြစ်သွားနိုင်ပါသည်။ မဟုတ်ပါ။ သမဝါယမ၏ လာရာကို ပြန်လည်မှန်းဆ



မြန်မာနိုင်ငံတွင် သမဝါယမအသင်းများကို ဦးဆောင်ဦးရွက်ပြု၍ စတင်ဖွဲ့စည်းခဲ့သူ ဦးမိုး (၁၉၀၆ ခုနှစ်)

ကြည့်လိုက်လျှင် ရှေးနှစ်ပေါင်းများစွာကတည်းက သန္ဓေတည်ခဲ့သော၊ အစဉ်အလာကောင်းများနှင့် ခရီးနှင်ခဲ့သော သမဝါယမအခန်းကဏ္ဍ၏ နိဒါန်းအစအထိ လှမ်း၍တွေ့မြင်ရပါလိမ့်မည်။ အဆိုပါကာလများ၌ သမဝါယမမင်းကြီး၊ သမဝါယမဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သူများကို ခေတ်အလိုက် ခွဲခြားဖော်ပြပေးလိုပါသည်။ ကိုလိုနီခေတ်ကာလဖြစ်သော ၁၉၀၄ ခုနှစ်မှ ၁၉၀၆ ခုနှစ်များအတွင်း သမဝါယမမင်းကြီးတာဝန်ကို Mr. Fielding Hall၊ Mr. English၊ Mr. Clayton ၊ Mr. C.Wc Dumm၊ Mr. C.R.p Cooper၊ Mr. F.H Fergaty၊ Mr. R.K. Hamper၊ ဦးဘိုတင်၊ ဦးတင်ကြီး၊ ဦးကြင်၊ ဦးတင်၊ ဦးအောင်စိုးတို့ ထမ်းဆောင်ခဲ့ကြသည်။ ပါလီမန်ခေတ်တွင် ဦးကျော်ငြိမ်း၊ ဦးထွန်းဝင်း၊ ဦးသာခင်နှင့် ဗိုလ်မှူးချုပ် တင်ဖေတို့က ဝန်ကြီးများဖြစ်ခဲ့ကြပြီး ဦးစိုးတင့်၊ ဦးညီညီနှင့် ဦးစောစံရွှေတို့က သမဝါယမမင်းကြီးအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ ဆိုရှယ်လစ်ခေတ် သမဝါယမဝန်ကြီးများမှာ ဗိုလ်မှူးချုပ်တင်ဖေ၊ ဗိုလ်မှူးကြီးမောင်လွင်၊ ဦးဘညိမ်း၊ ဗိုလ်မှူးကြီးစိန်လွင်၊ ဗိုလ်မှူးကြီး ထွန်းတင်၊ ဗိုလ်မှူးကြီး စိန်ထွန်းနှင့် ဦးသန်းလှိုင်တို့ ဖြစ်ကြပါသည်။

**Co-operation မှ သမဝါယမသို့**

အိန္ဒိယနိုင်ငံကဲ့သို့ပင် မြန်မာနိုင်ငံသည်လည်း ၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး ၁၈၈၆ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့လက်အောက်ခံ ကိုလိုနီဘဝသို့ ကျရောက်ခဲ့သည်။ ၁၈၉၇ ခုနှစ် မေလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို အိန္ဒိယအင်ပါယာ၏ တစ်စိတ်တစ်ဒေသအဖြစ် ထားရှိကာ အိန္ဒိယဗဟိုအစိုးရ ကွပ်ကဲမှုအောက် ဒုတိယဘုရင်ခံတစ်ဦး ထားရှိ၍ အုပ်ချုပ်ခဲ့သည်။ အိန္ဒိယဗဟိုအစိုးရသည် ဥရောပတိုက်ရှိ ဂျာမနီ၊ အီတလီနိုင်ငံများ၌ အောင်မြင်မှုရရှိနေသော သမဝါယမလုပ်ငန်းများကို စံနမူနာယူ၍ သမဝါယမအက်ဥပဒေတစ်ရပ် ရေးဆွဲကာ ၁၉၀၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေသည် ထိုစဉ်က အိန္ဒိယလက်အောက်ခံ မြန်မာနိုင်ငံအတွက်လည်း အလိုအလျောက် သက်ရောက်စေခဲ့သည်။ သည့်အတွက် မြန်မာနိုင်ငံ၌ ၁၉၀၅ ခုနှစ်မှစ၍ သမဝါယမအသင်းများ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ တစ်နည်းဆိုရသော် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် နိုင်ငံတွင်း စီးပွားရေးကျပ်တည်းမှုပြဿနာကို ဖြေရှင်းရာတွင် ဆောင်ရွက်ခဲ့သော ဂျာမနီ၊ အီတလီတို့၏ နည်းလမ်းကို အတုယူခဲ့ကြခြင်း ဖြစ်သည်။ ၎င်းတို့၏ စီးပွားရေးကျပ်တည်းမှုပြဿနာကို ဖြေရှင်းသည့်နည်းလမ်းမှာ လူအများစုပေါင်း၍ အသင်းများ ဖွဲ့စည်းလုပ်ကိုင်သည့် နည်းစနစ်ဖြစ်သည်။ Co-operation ဟု ခေါ်ဝေါ်ခဲ့ပြီး "အတူတကွပူးပေါင်း၍ ဆောင်ရွက်ခြင်း"ဟု အဓိပ္ပာယ်ရပါသည်။

မြန်မာနိုင်ငံအတွက်မူ Co-operation ဆိုသည့် အင်္ဂလိပ်စကားလုံးကို ဘာသာပြန်ဆိုရန် လိုအပ်လာသဖြင့် အစိုးရဘာသာပြန်ဌာန (Government Translation Department) က ပါဠိစကားလုံး သမနှင့် အခြားစကားလုံး ဝါယမတို့ကိုယူ၍ "သမဝါယမ"ဟူသော ပါဠိပျက်ဝေါဟာရ အသစ်တစ်ခု တီထွင်ပြန်ဆိုပေးခဲ့ပါသည်။ သမဆိုသည့် ပါဠိစကားသည် မျှမျှတတ၊ ညီတူညီမျှဟူသော အနက်ကိုပေးသည်။ ဝါယမ(ဝါယာမ)က လုံ့လပြုသည်၊ ကြိုးပမ်းသည်၊ အားထုတ်သည်ဟု အဓိပ္ပာယ်ရသည်။ Co-operation က အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဟု ယေဘုယျအဓိပ္ပာယ်ကိုသာ ဖော်ဆောင်သော်လည်း သမဝါယမအဓိပ္ပာယ်ကမူ ပို၍လေးနက်သည်။ လုပ်ငန်းတစ်ခုခုကို လူအများစုပေါင်းဆောင်ရွက်ကြရာ၌ ပါဝင်သောပုဂ္ဂိုလ်တိုင်းသည် မိမိ၏ ကာယ၊ ဉာဏလုပ်အားများဖြင့် မိမိစွမ်းဆောင်နိုင်သည့် နေရာအသီးသီးမှ ရေသာမခိုလှော်ကြုံမလိုက်ဘဲ အများနှင့်ညီတူညီမျှ တက်ညီလက်ညီ အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ (တွဲဖက်သမဝါယမမင်းကြီး ဦးလှမောင် ရေးသားသော သမဝါယမနိဒါန်းမှ)။ ထိုအချက်အလက်များကို ထောက်ရှု၍ သမဝါယမဟူသော စကားရပ်သည် မြန်မာနိုင်ငံ၌ သမဝါယမအသင်းများ တည်ထောင်ခဲ့သည့် ၁၉၀၅ ခုနှစ်ကပင် စတင်ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

**သမဝါယမဝေါဟာရကို တီထွင်ခဲ့သူ ဦးမောင်မောင်ပြား**

ဦးမောင်မောင်ပြားသည် မြန်မာဘုရင်သီပေါမင်းလက်ထက် မြင်းတပ်ကို တာဝန်ခံအုပ်ချုပ်ရသော မင်းကြီးမဟာမင်းလှကျော်ထင်ဘွဲ့ရ မြင်းစီးဝန်ကြီး ဦးသောကြာ၏ သားဖြစ်သည်။ ဦးမောင်မောင်ပြားသည် ဘုန်းကြီးကျောင်းထွက် တစ်ဦးဖြစ်ပြီး ကျောက်ကန်ထရိုက်လုပ်ငန်းများ ဆောင်ရွက်၍ သမဝါယမစည်းရုံးရေးမှူး တာဝန်ကိုလည်း

စာမျက်နှာ ၁၁ သို့ ❋

**❝မြန်မာနိုင်ငံ၌ ၁၉၀၅ ခုနှစ်တွင် သမဝါယမလုပ်ငန်းများစတင်ခဲ့ရာ ပထမဆုံး သမဝါယမမင်းကြီး Mr. Fielding Hall နှင့်အတူ သမဝါယမအသင်းများ ဖွဲ့စည်းရန်အတွက် စေတနာ့ဝန်ထမ်းစည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့ပြင် ဦးမောင်မောင်ပြားသည် Co-operation စကားရပ်ကို "သမဝါယမ"ဟူသော ပါဠိပျက်စကားရပ်သို့ ဘာသာပြန်ဆိုပေးခဲ့သူဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ၁၉၁၆ ခုနှစ်တွင် သမဝါယမအသင်းစည်းကမ်း အမေးအဖြေစာအုပ်ကို မြန်မာဘာသာဖြင့် ပထမဆုံးရေးသားပြုစုခဲ့သူလည်းဖြစ်❞**

## မိုးဦးကာလရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေတက်လာမှုပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်သည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်သည်။

ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလတွင် ပေါ်ထွန်းခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့ကြောင့် ရေအနက် မလုံလောက်သော ရေမြှုပ်ပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်းမပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရန် လိုအပ်သည်။

မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး၊ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားသည်။

ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင်နှစ်တိုင်အကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့်တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး၊ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်သည်။ အထူးသဖြင့် သယ်ဆောင်ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်သည့်အခါ ရေယာဉ်များ အန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

**သတင်းစဉ်**



## AI နှင့် စပ်လျဉ်းသည့် အွန်လိုင်းဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ ပါဝင်တက်ရောက် ဆွေးနွေး

နေပြည်တော် မေ ၂၉

အာရှပစိဖိတ်ရုပ်သံထုတ်လွှင့်မှုအဖွဲ့ (Asia Pacific Broadcasting Union–ABU)က ကြီးမှူး၍ AI စတင်လေ့လာသူတစ်ဦးအတွက် လမ်းညွှန်ချက်နှင့် Public Service Media အတွက် AI အရေးကြီးပုံများနှင့် စပ်လျဉ်းသည့် အွန်လိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

### ဆွေးနွေးတင်ပြ

ဆွေးနွေးပွဲတွင် AI နည်းပညာ၏ အခြေခံသဘောတရားများ၊ အများပြည်သူဝန်ဆောင်မှု မီဒီယာများတွင် AI ၏ အရေးပါမှု၊ ရုပ်/သံလွှင့်အဖွဲ့အစည်းများ၏ AI အသုံးပြုထားပုံများနှင့် အနာဂတ်အတွက် AI ၏ သက်ရောက်မှုများအကြောင်း၊ နည်းပညာ၏ ခြုံငုံသုံးသပ်ချက်များနှင့် ဆက်လက်လုပ်ဆောင်ရန် နည်းလမ်းများ စသည်တို့ကို ကျွမ်းကျင်ပညာရှင်များက ဘက်စုံထောင့်စုံက ဆွေးနွေးတင်ပြကြသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)သည် ABU သို့ မြန်မာနိုင်ငံကိုယ်စားပြု၍ ၂၀၁၀ ပြည့်နှစ်မှစ၍ တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားရှိရာ ABU မှ ကြီးမှူးကျင်းပသည့် အစည်းအဝေးများ၊ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း အွန်လိုင်းစနစ်ဖြင့်ကျင်းပမှုတွင် ပါဝင်တက်ရောက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စေတုတ္တရာမြို့နယ်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

စေတုတ္တရာ မေ ၂၉

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် ငဖဲ–စေတုတ္တရာ ကားလမ်း ရိုးချောင်းတံတားအနီးတွင် သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် ယမန်နေ့က ၂၀၂၄ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟိန်းထက်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစွမ်းထက်ကိုနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့်



အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်းကာ ကျွန်းပင် ၆၀၀၊ မဲဇလီ ၁၀၀၊ ဗာဒံ ၂၅ ပင်၊ ကုက္ကို ၂၅ ပင်စုစုပေါင်းပျိုးပင် ၇၅၀ အား စနစ်တကျ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျွန်းစုမြို့တွင် လယ်ဧက ၂၅၀ အတွက် သွင်းအားစုဖိုး မတည်ရန်ပုံငွေကျပ် သိန်း ၅၀၀ ပေးအပ်

ကျွန်းစု မေ ၂၉

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း (မြစိမ်းရောင်) သမဝါယမကဏ္ဍမှ မြို့နယ်အတွင်းရှိ လယ်ဧက ၂၅၀ အတွက် သွင်းအားစုဖိုး မတည်ရန်ပုံငွေကျပ် သိန်း ၅၀၀ ပေးအပ်ပွဲကို မေ ၂၇ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အဆင့် မိုးစပါးစိုက်ပျိုးရေး စီမံကိန်း (မြစိမ်းရောင်) ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်းက အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်စိမ့်ထွန်းက ကျွန်းစုမြို့နယ်အတွင်း မိုးစပါး စိုက်တောင်သူများအား လယ်တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုခတ်မြေဩဇာများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ချေးငွေထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျွန်းစုမြို့နယ်အတွင်း ပဲယာကျေးရွာ၊ သမာဓိ(လယ်ယာနှင့်အထွေထွေ) သမဝါယမအသင်းမှ အသင်းသားတောင်သူ ၅၅ ဦး၊ စိုက်ပျိုးဧက ၂၅၀ အတွက် မတည်ငွေ သိန်း ၅၀၀ အား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

✻ စာမျက်နှာ ၁၀ မှ

ထမ်းဆောင်ခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံ၌ ၁၉၀၅ ခုနှစ်တွင် သမဝါယမလုပ်ငန်းများ စတင်ခဲ့ရာ ပထမဆုံး သမဝါယမမင်းကြီး Mr. Fielding Hall နှင့်အတူ သမဝါယမအသင်းများ ဖွဲ့စည်းရန်အတွက် စေတနာ့ဝန်ထမ်းစည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့ပြင် ဦးမောင်မောင်ပြားသည် Co-operation စကားရပ်ကို "သမဝါယမ"ဟူသော ပါဠိပျက်စကားရပ်သို့ ဘာသာပြန်ဆိုပေးခဲ့သူဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ၁၉၁၆ ခုနှစ်တွင် သမဝါယမအသင်းစည်းကမ်း အမေးအဖြေစာအုပ်ကို မြန်မာဘာသာဖြင့် ပထမဆုံး ရေးသားပြုစုခဲ့သူလည်းဖြစ်သည်။ သမဝါယမ ဝန်ထောက်မင်းအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရပြီး အမှုထမ်းကောင်းဆုတံဆိပ် (A.T.M, C.I.E, M.B.E) ဘွဲ့တံဆိပ်များ အပ်နှင်းခြင်းခံရသည်။

### စွမ်းအားအပြည့် ဆောင်ရွက်

၁၉၁၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ မန္တလေးမြို့၌ ကျင်းပခဲ့သော တတိယအကြိမ် စိုက်ပျိုးရေးနှင့် သမဝါယမနီးနှောဖလှယ်ပွဲ၌ လက်ထောက်ဘုရင်ခံချုပ် တက်ရောက်ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း၊ ထိုသို့ပြောကြားရာတွင် ကျွန်ုပ်တို့မနာလိုလောက်အောင် ဖြစ်စေသည့်အထိ သမဝါယမရည်းမှန်းချက်၊ ရည်ရွယ်ချက်များနှင့် ပတ်သက်သော ဗဟုသုတများစွာရှိသည့်အပြင် ၎င်းဗဟုသုတများကို ဝေမျှပေးရာတွင် စကားပြောကောင်းပြီး စွမ်းအားအပြည့် ဆောင်ရွက်ခဲ့သော သမဝါယမဝန်ထောက် ဦးမောင်မောင်ပြားအား အထူးပင်ကျေးဇူးတင်ပါသည်ဟု ထည့်သွင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ သမဝါယမဝန်ထောက် ဦးမောင်မောင်ပြား၏ စိတ်ဝင်စားမှု၊ စိတ်အားထက်သန်မှုတို့ကြောင့် ၁၉၁၉ ခုနှစ်မှ ၁၉၂၁ ခုနှစ်အတွင်း မလှိုင်သမဝါယမ ဝါကြိတ်စက်ရုံကို တည်ထောင်ခြင်း၊ စစ်ကိုင်းသမဝါယမဆန်စက် ပေါ်ပေါက်လာရခြင်းတို့အပြင် မန္တလေးသမဝါယမအသင်းကိုလည်း အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

### စိုက်ပျိုးရေးနှင့် သမဝါယမ နီးနှောဖလှယ်ပွဲများ

စိုက်ပျိုးရေးနှင့် သမဝါယမနီးနှောဖလှယ်ပွဲကို ၁၉၁၁ ခုနှစ်တွင် မန္တလေးမြို့တော် ရွှေနန်းတော်တောင်စမုခ်၌ စတင်ကျင်းပခဲ့ပြီး ဘုရင်ခံကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။ နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရန် သတ်မှတ်ပြီး ၁၉၂၅ ခုနှစ်အထိ ပြုလုပ်ခဲ့ကြကြောင်းသိရသည်။ ယင်းနီးနှောဖလှယ်ပွဲများတွင် ကုန်စည်ပြပွဲများလည်း ပါဝင်ခဲ့ပေရာ ဆောင်းဒါးရက်ကန်းပညာသင်တန်းကျောင်း (ယခု ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ)၊ အမရပူရနှင့် မန္တလေးမြို့တို့မှ ပရိဘောဂအမျိုးမျိုး ထုတ်လုပ်သော သမဝါယမအသင်းများ ပါဝင်ပြသသကဲ့သို့ မြင်းခြံဝါကြိတ်စက်ရုံထွက်ပစ္စည်းများ၊ ဝါနှင့် သိုးမွေးချည်အိတ်များ၊ ထီးအမျိုးမျိုး၊ ယွန်းထည်နှင့် ပိုးထည်ပစ္စည်းများ၊ ပန်းပုလက်ရာအမျိုးမျိုး၊ ငွေထည်ပစ္စည်းအမျိုးမျိုး၊ ကျေးရွာထွက်ကုန် လက်မှုအနုပညာပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်းပြသခဲ့ကြောင်းလည်း သိရသည်။

### ဆက်ရန်ရှိပါသေးသည်

ဤသည်တို့မှာ မြန်မာနိုင်ငံ၏ ကိုလိုနီခေတ် သမဝါယမလုပ်ငန်းများ၏ အစောပိုင်းပုံရိပ်အချို့ကို ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါသည်။ မိမိတို့နိုင်ငံအနေဖြင့် ဥရောပနိုင်ငံများ၊ အာရှ၊ အရှေ့တောင်အာရှနိုင်ငံများမှ အောင်မြင်နေသော သမဝါယမအသင်းများ၊ လုပ်ငန်းများကို စံနမူနာယူလျက် ပါလီမန်ခေတ်၊ ဆိုရှယ်လစ်ခေတ်နှင့် ဈေးကွက်စီးပွားရေး ကျင့်သုံးသောခေတ်တစ်လျှောက် သမဝါယမစနစ်နှင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။ သည့်အတွက် အာရှ၊ ဥရောပနိုင်ငံများရှိ အောင်မြင်နေသော သမဝါယမအသင်းများ အကြောင်းကိုလည်းကောင်း၊ မိမိတို့နိုင်ငံ၏ ခေတ်စနစ်အလိုက် ဖြတ်သန်းခဲ့သော သမဝါယမပုံရိပ်များကိုလည်းကောင်း၊ ယနေ့ မိမိတို့ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သမဝါယမလုပ်ငန်းစဉ်များကိုလည်းကောင်း အလျဉ်းသင့်သလို ဆက်လက်ရေးသားတင်ပြသွားပါဦးမည်။ ။

# အသိပေးကြေညာချက်

၁။ Online Social Media Platform များဖြစ်သည့် Facebook၊ Viber၊ Telegram အစ ရှိသည်တို့ပေါ်တွင် ID အစစ်အမှန်မဟုတ်သည့် အကောင့် (Fake Account) များအသုံးပြု၍ ဘဏ်များမှ ငွေလဲလှယ်နှုန်းများ တိုးမြှင့်ကောက်ခံနေကြောင်းအပါအဝင် မမှန်ကန်သည့်သတင်းများကို ထုတ်ပြန်ဖော်ပြပြီး ငွေကြေးမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိနေရပါသည်။

၂။ အဆိုပါ Website များကို လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။ AD လိုင်စင်ရဘဏ်များအနေဖြင့် ဘဏ်၏ တရားဝင် Website များတွင် Exchange Counter ၏ အရောင်းအဝယ် ငွေလဲလှယ်နှုန်းများကို ကြေညာပေးလျက်ရှိပြီး အောက်ဖော်ပြပါ Website များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်-

| စဉ် | ဘဏ်အမည် | Webpage Link |
|---|---|---|
| က | KBZ | https://www.kbzbank.com/en/ |
| ခ | AYA | https://ayabank.com/personal-banking/other-services/foreign-currency-exchange-service#foreign_currency__exchange_rate |
| ဂ | MAB | https://www.mabbank.com/gtb |
| ဃ | uab | https://www.uab.com.mm/ |
| င | A Bank | https://www.abank.com.mm/en_US/ |
| စ | CB | https://www.cbbank.com.mm/en |
| ဆ | Yoma | https://www.yomabank.com/ |
| ဇ | MCB | https://mcb.com.mm/ |
| ဈ | MOB | https://www.mobmyanmar.com/ |

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုများအနေဖြင့် မမှန်ကန်သည့် Website ကြေညာချက်များကို ယုံကြည်မှုမရှိဘဲ သက်ဆိုင်ရာဘဏ်များ၏ Webiste တွင် ငွေလဲလှယ်နှုန်းများကို ကြည့်ရှုလေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
(၂၉-၅-၂၀၂၄)

## ကောဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ (ဗဟို)က ကြီးမှူးကျင်းပသည့် ကောဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ယှဉ်ပြိုင်ပွဲတွင် ဆုရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့်ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများ၊ အလှူရှင်များနှင့် ပရဟိတအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာပဏ္ဍိတ ဘိက္ခုဆရာတော်က အဖွင့်အမှာစကားမိန့်ကြားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိ၊ ဝေမိုးကျွန်းလှ ဆရာတော် ဘဒ္ဒန္တ ဝိလာသနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) နာယကဆရာတော်တို့က နိုင်ငံတော်အစိုးရက ချီးမြှင့်ခဲ့သည့် ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် ဆရာတော်များ၊ လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုလွှာများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲဖြစ်မြောက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြသော ဂုဏ်ထူးဆောင်များ၊ ကုသိုလ်ရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ကောဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲဝင် ခြောက်ဦးသည် စကားပြောစွမ်းရည်၊ ပါဠိရေးစွမ်းရည်နှင့် သာသနာတော်ဆိုင်ရာ အထွေထွေဗဟုသုတ မေးခွန်းများကို ဖြေဆိုယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုကို ဧရာဝတီတိုင်းဒေသကြီး စာဖြေဌာန(၁) ဓနုဖြူမြို့နယ် ချောင်းစောက်ဓမ္မစကူးလ်မှ မချောစုလှိုင်၊ ဒုတိယဆုကို ပဲခူးတိုင်းဒေသကြီး စာဖြေဌာန(၁) အုတ်တွင်းမြို့နယ် သာသနာမာမကဓမ္မစကူးလ်မှ မရှင်းသန့်ခင်၊ တတိယဆုကို ဧရာဝတီတိုင်းဒေသကြီး စာဖြေဌာန(၁) ဓနုဖြူမြို့နယ် ချောင်းစောက်ဓမ္မစကူးလ်မှ မောင်ဟိန်းထက်ဇော်တို့က ရရှိကြသည်။

ဆက်လက်၍ ဗုဒ္ဓဝံသဒီပလိုမာတန်းအောင်လက်မှတ်ရရှိကြသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ (ဗဟို)နာယကဆရာတော်များနှင့် တာဝန်ရှိသူများက ဘွဲ့လက်မှတ်များ အပ်နှင်းကြသည်။

နံနက်ပိုင်းအစီအစဉ်တွင်လည်း ကောဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ အလယ်တန်းအဆင့် ဗုဒ္ဓဝံသဗဟုသုတရဘွဲ့ရရှိသည့် ကျောင်းသား ကျောင်းသူများ၊ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ ပထမအကြိမ်မှ ဒသမအကြိမ်အထိ ပထမဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ ဖြေဆိုပူဇော်ပွဲအတွက် ကူညီပံ့ပိုးပေးကြသူများအား ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာပဏ္ဍိတ ဘိက္ခု၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များက ဘွဲ့လက်မှတ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းလတ်(MNA)**

## ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး



**ဟိုပုံး မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးလောင်ပျက်စီးခဲ့သည့် စငေါ်ကျေးရွာအုပ်စု ပန်လျန်းကျေးရွာနှင့် နမ့်ဟူးကျေးရွာ နေအိမ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက် ၈ နာရီခွဲတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

နေအိမ်များ ပြန်လည်တည်ဆောက်ရာတွင် ဟိုပုံးမြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်၊ သံဃာတော်များဦးဆောင်၍ တောင်ကြီးမြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီ၍ ပန်လျန်းဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်၏ ကျောင်းဆောင်နှင့် ပုံးအယ်ဘုန်းတော်ကြီးကျောင်း ပြန်လည်ဆောက်လုပ်ပေးခြင်း၊ စငေါ်ကျေးရွာအုပ်စုရှိ ပန်လျန်းကျေးရွာ၌ နေအိမ် ၄၆ လုံးနှင့် နမ့်ဟူးကျေးရွာ၌ နေအိမ် ၅၈ လုံး စုစုပေါင်း နေအိမ် ၁၀၄ လုံးတို့ကို ဒေသခံပြည်သူများ နေထိုင်ရေး အဆင်ပြေစေရန်အတွက် သစ်အိမ်၊ ဝါးအိမ်၊ သွပ်အိမ် စသည်တို့ကို ဆရာတော်၊ သံဃာတော်များ ဦးဆောင်မှုဖြင့် စုပေါင်းဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့် ကျောက္ကချားကျေးရွာ၊ လွယ်ဝိုးတုတ်ကျေးရွာ၊ စံဖူးကျေးရွာ၊ ဒုံကောင်ကျေးရွာ၊ ယုပွေးကျေးရွာ၊ စငေါ်ကျေးရွာ၊ နမ့်ဟူးကျေးရွာ၊ ပုံးအယ်ကျေးရွာတို့ရှိ စုစုပေါင်းနေအိမ် ၆၆ လုံးတို့အတွက် နေအိမ်ပြန်လည်တည်ဆောက်နိုင်ရန် လိုအပ်သည့် အိမ်ဆောက်ပစ္စည်းများကိုလည်း ဒေသခံပြည်သူများထံသို့ မြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်များက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်၊ သံဃာတော်များဦးဆောင်မှုဖြင့် ဒေသခံပြည်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်ထားရှိမှုနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ထားရှိမှုများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုအားပေးကြပြီး ပန်လျန်းဘုန်းတော်ကြီးကျောင်းဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသတွင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သော နေအိမ်များ ပြန်လည်တည်ဆောက်ခြင်းကို မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များကလည်းကောင်း၊ လျှပ်စစ်မီး ပြန်လည်ရရှိရေးအတွက် ဓာတ်အားလိုင်းများပြုပြင်ခြင်း၊ နေအိမ်မီးသွယ်တန်းခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ရေဖြန့်ဝေပိုက်လိုင်းနှင့် အိမ်တိုင်ရာရောက် ရေပေးဝေရေးစနစ်ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပြီး မဲနယ်တောင်ဒေသတွင် လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့တွင် လူငယ် ၁၀၀ ကျော်ကို စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၂၉

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့တွင် မေ ၂၈ ရက်က လုံခြုံရေး တပ်ဖွဲ့ဝင်များက မြို့အဝင်အထွက်စစ်ဆေးရေး ဂိတ်များ၊ လမ်းများပေါ်တွင် စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး မှတ်ပုံတင်မပါရှိသူများ၊ ဆိုင်ကယ် လိုင်စင်မပါရှိသူများနှင့် ဆိုင်ကယ်ဦးထုပ် မပါ ရှိသူလူငယ်များကို အကြောင်းပြချက်မျိုးစုံဖြင့် စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးနေပြီး လူငယ် ၁၀၀ ကျော် ဖမ်းဆီးခံရကြောင်း အများ ပြည်သူ ထင်ယောင်ထင်မှားဖြစ်စေမည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မြို့နယ်စီမံ အုပ်ချုပ်ရေးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြား ချက်အရ ပန်းတောင်းမြို့နယ်အတွင်း၌ ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး အတွက် အသိပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်မှု စစ်ဆေး ခြင်းများနှင့် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေး မှုများ ဆောင်ရွက်ခြင်းကို မေ ၂၈ ရက်တွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စနစ် တကျဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လူငယ်များကို ဖမ်းဆီးခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာ တည်သည့်နေ့မှစ၍ တရားမဝင်ပြည်ဖျက် မီဒီယာများက ပြည်သူများ ကြောက်ရွံ့ ထိတ်လန့်စေရန် လုပ်ကြံသတင်းမျိုးစုံကို ဖြန့်ဝေခြင်း၊ သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန်စွပ်စွဲပြီး အောက်တန်းကျစွာဖြင့် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။




သတင်းစဉ်



# မအူပင်မြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

မအူပင် မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာအုပ်စု၊ တော်တလုပ်ကျေးရွာအုပ်စုနှင့် မြို့ပေါ်ရပ်ကွက်များတွင် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်းများကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီး ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်လင်းထွဋ်ဦးဆောင်မှုဖြင့် ဝန်ထမ်းများက အိုင်ဝိုင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲများ၊ တော်တလုပ်ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာခွဲများနှင့် မြို့ပေါ် ၁၂ ရပ်ကွက်တို့တွင် ယခုကာလအတွင်းဖြစ်ပေါ်တတ်သည့် မိုးကြိုး ဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကြိုတင် ပြင်ဆင်ရန်နည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန်အချက်များအား အသိပညာပေးနှိုးဆော်ပြီး သဘာဝဘေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

အောင်မြင့်မြတ် (ပြန်/ဆက်)

# ကျိုက်မရောမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်မည့်ကျေးရွာများ ရွေးချယ်

ကျိုက်မရော မေ ၂၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP)ကျေးရွာ များ ရွေးချယ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျိုက်မရော မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိန်ဝေက အဖွင့်အမှာ စကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက စီမံကိန်းကျေးရွာ ရွေးချယ်ရာတွင် အခြေခံရမည့်မူများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာရွေးချယ်ပွဲသို့တက်ရောက်လာကြသော မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးစိန်ဝေနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ရန် သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီသည့် ကျေးရွာ ၁၀ ရွာကို အတည်ပြုရွေးချယ်ခဲ့ကြကြောင်း သိရသည်။

မချို(ကျိုက်မရော)



# ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေများ မြင့်တက်လာ

နေပြည်တော် မေ ၂၉

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် မေ ၂၉ ရက် နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့တွင် ၆၉၄ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ ၄၈ နာရီအတွင်း ၁၃ ပေခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေများသည် နောက် တစ်ရက်မှ ခုနစ်ရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ခြောက်ပေမှ ၁၀ ပေခန့်၊ နောက် ရှစ်ရက်မှ ၁၁ ရက်အတွင်း ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၁၃ ပေမှ ၁၈ ပေခန့်၊ နောက် ၁၁ ရက်မှ ၁၃ ရက် အတွင်း ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ကိုးပေမှ ၁၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် မေ ၂၉ ရက် နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့တွင် ၁၀၅၀ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ ၄၈ နာရီအတွင်း ၃၁ ပေခန့် မြင့်တက်ခဲ့သည်။

ချင်းတွင်းမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေများသည် နောက်တစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် ကိုးပေခန့်နှင့် နောက်နှစ်ရက်မှ ခြောက်ရက်အတွင်း ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ ပေမှ ၁၈ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘော များအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများ အနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြု နေထိုင်သင့်ကြောင်း အကြံပြုအပ်ပါသည်။

မိုး/ဇလ

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၅-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ဓဇဂ္ဂသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | စွန့်ပစ်ပစ္စည်းမှသည်လက်မှုအနုပညာရပ်ဆီ (အုန်းခွံ) |
| ၀၉:၁၅ | NRC အစီအစဉ် (တနင်္သာရီ) |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူမှုဘဝထဲကစက္ကူ |
| ၁၁:၃၀ | Next Level |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ငှက်လင်ပြင်းအိပ်မက်' (အပိုင်း-၁၉) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၃၉) |
| ၁၆:၃၅ | ကုန်သွယ်မှုများတိုးမြှင့်ဖို့လမ်းကြောင်းသစ်များဖော်ဆောင်စို့ (စကားဝိုင်း) |
| ၁၇:၁၀ | Soccer View |
| ၁၇:၂၅ | လူမှုစီးပွားသတင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ပင်' (အပိုင်း-၂၂) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၈) |
| ၂၂:၁၀ | မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့နှီးလေး' (အပိုင်း-၁၄) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Myat Day Thanar (Pan Ei Phyu) |
| 07:10 | Ananda Temple |
| 07:49 | Zadetgyi Island |
| 08:01 | News |
| 08:26 | Mingala Prayer (Version-2) |
| 08:30 | Healthy Diet: Fasting Diet |
| 08:38 | Ocularist |
| 09:01 | Inlay Traditional Lotus Fabric |
| 09:14 | The Banjoist |
| 09:31 | Thin Byu Mat |
| 09:39 | A Trip to Gyobyu Reservoir (Part-2) |
| 10:01 | News |

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၅)

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
လွိုင်မွေမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ဂေဟာစနစ်မပျက်ယွင်းစေရန်ကချင်ပြည်နယ်ကအင်းတော်ကြီး

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ငှက်ပျောသီးရဲ့ကျန်းမာရေးအကျိုးကျေးဇူး

**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
တစ်နိုင်တစ်ပိုင်ထန်းလျက်လုပ်ငန်း

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
အားမနာနဲ့စား ဒါအကုန်ဘဲ

**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
ခွန်အားပြည့်ဖြိုးချင်းရိုးရာရာသူ၏

**ချင်း (ချို) (၁၈:၀၀ မှ ၁၉:၀၀)**
ချင်း(ချို)ဘာသာစကားပြောကြရအောင် (အပိုင်း-၅)

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
မြေထည်အိုးပြုလုပ်ပုံအဆင့်ဆင့်

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ထိန်းသိမ်းစို့လေ ရိုးရာအမွေ (တက်ညီလက်ညီအပြိုင်လှော် ရခိုင်ရိုးရာပြိုင်လောင်းပွဲတော်)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၁၅ | ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင် |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၉:၁၅ | ဟီဘေးဝေချန်စီးရီး (အပိုင်း-၂) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငှ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၀) |

### MRTV FARMERS HTV

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၂၀ | 'ဝှက်ယူဝင့်ကြွားတို့လယ်သမား' အောင်မြင်ထူးခြား Green Tea တောင်သူရဲ့စွမ်းအား |
| ၀၆:၃၅ | ခရီးသွားကဏ္ဍတိုးတက်လာသည့် ပူတာအို-ခေါင်လန်ဖူးဒေသ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | A Little Thing Called Love (နိုင်ငံခြားဇာတ်လမ်း) |
| ၂၂:၀၀ | ဆူးခက်တွေပျံ့နေကျလမ်းကလေးပေါ်မှာ (ဇာတ်လမ်း) |

### MRTV SPORTS HTV

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Weekly Soccer Preview |
| ၁၆:၁၀ | ရွှေခေတ်ရောက်ခဲ့သည့်ပြေးခုန်ပစ်အားကစား |
| ၁၇:၀၀ | အားကစားသတင်း |

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို ကော်ဖီစိုက်ပျိုးမည့် တောင်သူများအား ပျိုးပင်များထောက်ပံ့ပေးအပ်

ကော့သောင်း မေ ၂၉

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ၁၀ မိုင်ကျေးရွာအုပ်စုရှိ ကော်ဖီပျိုးခင်းအမှတ်(၁)သို့ ယမန်နေ့နံနက် ၈ နာရီခွဲက သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကော်ဖီစိုက်ပျိုးမည့် တောင်သူများအား ကော်ဖီပျိုးပင်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ကော့သောင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသိန်းဆွေဦးက ကော်ဖီပျိုးခင်း ပျိုးထောင်စိုက်ပျိုးထားရှိမှုအခြေအနေနှင့် ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးနည်းစနစ်များကို အစီအမံများရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ကော်ဖီစိုက်ပျိုးမည့်တောင်သူများအား ကော်ဖီပျိုးပင်များ ပေးအပ်၍ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးထုတ်လုပ်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

**အခမဲ့ဖြန့်ဝေပေး**

၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ကော်ဖီစိုက်ပျိုးမည့် တောင်သူ ၅၆ ဦးအား စိုက်ဧက ၂၅၅ ဧကအတွက် ပျိုးပင်ပေါင်း ၁၂၀၅၀၀ အား အခမဲ့ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# ပုသိမ်မြို့၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် အလုပ်သမားဝန်ကြီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးပညာသင်တန်းကျောင်း(ပုသိမ်)တို့ ပူးပေါင်းဖွင့်လှစ်သော အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်ဖန်တီးပေးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ယခုသင်တန်းကို တစ်လကြာ သင်တန်းဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ပြီး ကလေးများ၏ဘဝကို အဖိုးတန်သော ကျွမ်းကျင်မှုများဖြင့် စွမ်းဆောင်နိုင်ကြစေရန် သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသုံး ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုခဲ့ကြသည်။ အဆိုပါသင်တန်းတွင် ပုသိမ်ခရိုင်နှင့်မြို့ပေါ်ရှိ ရပ်ကွက်များမှ သင်တန်းသားစုစုပေါင်း ၂၀ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

တပ်ကုန်း မေ ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် နယ်မြေ(၇)တွင် နိုင်ငံတော်မတည်ငွေဖြင့် ရပ်ကွက်စာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာအား နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော် MSME ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့်တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများက အင်ဘက်ကုန်းကျေးရွာ၌ စနစ်တကျလယ်မြေအတွင်း ဘောင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော နှမ်းနှမ်း ၁၁၂ ဧက စိုက်ကွင်းသို့ ရောက်ရှိ၍ နှမ်းစိုက်တောင်သူများနှင့်တွေ့ဆုံကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းညွန့်က ရေရရှိရေးနည်းလမ်းအလိုက် နှမ်း၊ မိုးကြိုသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေ၊ နှမ်းစပါး၊ နှမ်းနှမ်းစိုက်ပျိုးမှုအခြေအနေများ၊ ချည်မျှင်ရှည်ဝါနှင့် မိုးစပါးစိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက တောင်သူများ နှမ်းစပါး၊ မိုးစပါးများ ကြဲပက်စနစ် ပပျောက်ရေး ရှင်းလင်းမှာကြားခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့်တာဝန်ရှိသူများက တရော်ပင်အင်းကျေးရွာ၌ ထိုင်းနှံကောက် နှမ်းစပါးစိုက် တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါး၊ နှမ်းစပါးစိုက်ပျိုးချိန် မျိုး၊ ရေ၊ မြေ၊ နည်းလမ်းများမှန်ကန်ရေး၊ နှစ်သီးစားစနစ်မှ သုံးသီးစားစိုက်ပျိုးနိုင်ရေးနှင့် SEEDER စနစ်ဖြင့် စိုက်ပျိုးရန် ရှင်းလင်းမှာကြားပြီး ငါးမွေးတောင်သူများကိုလည်း ငါးသားပေါက်များကို အခမဲ့ရရှိအောင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# ရေဖြူမြို့တွင် လယ်ဧက ၈၇၀ အတွက် သွင်းအားစုဖိုး မတည်ရန်ပုံငွေ ပေးအပ်

ရေဖြူ မေ ၂၉

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါး စိုက်ပျိုးရေးစီမံကိန်း (မြစိမ်းရောင်) သမဝါယမကဏ္ဍက မြို့နယ်အတွင်းရှိ လယ် ဧက ၈၇၀ အတွက် သွင်းအားစုဖိုး မတည်ရန်ပုံငွေကျပ် သိန်း ၁၇၄၀ ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်သာဝတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အဆင့် မိုးစပါး စိုက်ပျိုးရေးစီမံကိန်း (မြစိမ်းရောင်) ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းအိဝင်းက မတည်ချေးငွေထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရေဖြူမြို့နယ်အတွင်း(ခ)ရပ်ကွက်ရှိ အလင်းရောင်သမဝါယမအသင်း၊ ဇီးကျကျေးရွာ၊ ကျောက္ကညာကျေးရွာ၊ ဖောင်းတောကျေးရွာ၊ ပုလဲကူကျေးရွာ၊ (က)ရပ်ကွက်ရှိ အသင်းသား တောင်သူများအား စိုက်ပျိုးဧက ၈၇၀ အတွက် မတည်ငွေကျပ်သိန်း ၁၇၄၀ ကို အခြေခံသမဝါယမအသင်း၏ ဝိုင်းကြီးချုပ်အဖွဲ့အလိုက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခတ္တာ(ရေဖြူ)**



# ကျိုက်ထိုမြို့နယ်၌ သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ရေး အသိပညာပေး ဆွေးနွေးပွဲပြုလုပ်

ကျိုက်ထို မေ ၂၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုသောအားဖြင့် သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ် ခံနိုင်ရေး မြေယာပြန်လည် ပြုပြင်ပေး ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ပညာပေးအစီအစဉ် ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြီး မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဉာဏ်ဝင်းအောင်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ပေါ်ပေါက်လာရသည့်သမိုင်းကြောင်းများ၊ ယခုနှစ်အတွက် ဆောင်ပုဒ်ဖြစ်သည့် "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"၏ အဓိပ္ပာယ်နှင့် အကြောင်းအရင်းများ၊ သစ်တောကဏ္ဍအရေးပါပုံ၊ သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားခြင်း၏ ဝိသေသလက္ခဏာများနှင့် လူသားများအပေါ် အကျိုးသက်ရောက်မှုများ၊ သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားခြင်းများကို တားဆီးနိုင်မည့်လုပ်ဆောင်ချက်များ၊ မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေးနှင့် သဲကန္တာရတိုက်ဖျက်ရေးတို့အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည့် မြေယာပြန်လည်ပြုပြင်ရေး နည်းလမ်းများစသည်တို့ကိုရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ပြည်နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက်

မော်လမြိုင် မေ ၂၉

ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့ ဆောင်ပုဒ်အတိုင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၈ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ယင်းမာခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က ကျောင်းအပ်နှံမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများ၊ ကျောင်းဝတ်စုံများနှင့် အလှူရှင်များက လှူဒါန်းသော ကျောပိုးအိတ်များနှင့် ထီးများကို ကျောင်းသား ကျောင်းသူများထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နေမှုအခြေအနေများကိုလည်းကောင်း၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# မိုးနဲမြို့နယ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

မိုးနဲ မေ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ပညာရေးဌာန၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းရှေ့နေရာ၌ ကျင်းပရာ အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အတွင်းရေးမှူး ရဲမှူးသန်းအောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးစိုးလင်းအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မိုးဆွေနှင့် မြို့မိမြို့ဖ ဦးငိုဘွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ကထောက်ပံ့ပေးသည့် ကျောင်းသုံးပုံနှိပ်၊ ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အလှူရှင်များက တာဝန်ရှိသူ ကျောင်းအုပ်ဆရာ ဆရာမကြီးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# မော်လမြိုင်မြို့နယ်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

မော်လမြိုင် မေ ၂၉

၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ယင်းမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ယုက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်ဦးက ကျောင်းအပ်နှံမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများ၊ ကျောင်းဝတ်စုံများနှင့် အလှူရှင်များက လှူဒါန်းသော ကျောပိုးအိတ်များနှင့် ထီးများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)



# လှည်းကူးမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ



လှည်းကူး မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လှည်းကူးအခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ လှည်းကူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)၊ ခရိုင်ပညာရေးမှူး၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နိုင်ငံတော်ကအခမဲ့ထောက်ပံ့သည့် မူလတန်း ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဘောပင်၊ ခဲတံများကို ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

# ပုသိမ်မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ပုသိမ် မေ ၂၉

ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့နယ်၏ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးပိုင်က အမှာစကားပြောကြားသည်။ ယင်းနောက် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းဆင့် ကျောင်းသား ကျောင်းသူများ အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းများမှ ဆရာကြီး ဆရာမကြီးများနှင့် တာဝန်ခံ ဆရာ ဆရာမများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




# တာချီလိတ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကျင်းပ

တာချီလိတ် မေ ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို "သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်ဖြင့် မေ ၂၉ ရက် နံနက် ၉ နာရီက အခြေခံပညာ အလယ်တန်းကျောင်းခွဲ (တာလော့)တွင် ကျင်းပသည်။

**ပါဝင်ယှဉ်ပြိုင်**

အဆိုပါ စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲသို့ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၉ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



သန်းဇော်(တာချီလိတ်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ဆိပ်ဖြူဈေးကွက်၌ ကြက်သွန်နီဈေးနှုန်း အနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်



ဆိပ်ဖြူ မေ ၂၉

ကြက်သွန်နီ စိုက်ပျိုးမှုများသော ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကပိုင်၊ ကံတွင်း၊ လိပ်ခြံ၊ ဝွေးပင်ကျေးရွာတို့နှင့် စလင်း၊ ပွင့်ဖြူမြို့တို့မှ ကြက်သွန်နီများ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူဈေးကွက်သို့ ဝင်ရောက်လာ၍ မေလ နောက်ဆုံးပတ်တွင် ဈေးနှုန်း အနည်းငယ်ကျဆင်းကာ ပိဿာချိန်နှစ်သိန်း၊ တန်ချိန်အားဖြင့် ၃၂၆ တန်ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းနှင့် ရန်ကုန်၊ ပြည်၊ ပုသိမ်နှင့် မြဝတီ၊ မော်လမြိုင်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



## ကျောက်ဆည်ခရိုင်၌ နေကြာ(မိုးကြို) သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် မေ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နေကြာကိုသီးညှပ်အဖြစ် လည်းကောင်း၊ သီးသန့်အဖြစ်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ နေကြာ(မိုးကြို) စိုက်ပျိုးမှုအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နေကြာ(မိုးကြို) ကို စဉ့်ကိုင်မြို့နယ်၌ ၁၅၂၆ ဧက၊ မြစ်သားမြို့နယ်တွင် ၁၅ ဧက စုစုပေါင်း ၁၅၄၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နေကြာ(မိုးကြို)ကို မတ်လနှင့် ဧပြီလတို့တွင် စတင်စိုက်ပျိုးကြပြီး ဇွန်လနှင့် ဇူလိုင်လတို့တွင် ရိတ်သိမ်းကြကြောင်း၊ ယခုနှစ် နေကြာ(မိုးကြို) စိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှုမရှိသော်လည်း ဆည်ရေသောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးခဲ့ပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၈၀၀၀၀ ကုန်ကြကြောင်း၊ ယခုအချိန်တွင် နေကြာ(မိုးကြို) သီးနှံစိုက်ခြင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ဈေးကွက်၌ ယခင်နှစ်က ထွက်ပေါ်ခဲ့သည့် နေကြာသီးနှံအဟောင်းများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ နေကြာသီးနှံသည် သက်တမ်းတိုမျိုးဖြစ်ပြီး ကုန်ကျစရိတ်သက်သာကာ စားသုံးဆီဖူလုံမှုရရှိသည့်အတွက် တောင်သူများအနေဖြင့် အများဆုံးစိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

## ရွှေဘိုဈေးကွက်၌ ပဲစင်းငုံအနီများ ဈေးကောင်းရရှိပြီး အရောင်းအဝယ်ဖြစ်



ရွှေဘို မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုဈေးကွက်သို့ ဇန်နဝါရီလ ဒုတိယပတ်မှ စတင်၍ ပဲစင်းငုံအနီများ ဝင်ရောက်လျက်ရှိပြီး တစ်ပတ်အတွင်း တင်း ၉၀၀၊ တန်အားဖြင့် ၂၉ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မေလ တတိယပတ်နှင့် မေလ စတုတ္ထပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှိုင်းယှဉ်ပါက မေလ စတုတ္ထပတ်တွင် ဈေးကောင်းရရှိလျက်ရှိပြီး ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

သတင်းရင်းမြစ် – စီးပွား/ကူးသန်း

## ကျောက်ဆည်ခရိုင်၌ ပဲတီစိမ်း (မိုးကြို) သီးနှံစိုက်ပျိုးထားရှိမှုနှင့် အရောင်းအဝယ်ဖြစ်မှုအခြေအနေ



ကျောက်ဆည် မေ ၂၉

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင်၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပဲတီစိမ်း(မိုးကြို) စိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်၌ ၅၇၆၁ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၄၄၉၇ ဧက၊ မြစ်သားမြို့နယ်၌ ၈၄၁၁ ဧက စုစုပေါင်း ၁၈၆၆၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

### အများဆုံးစိုက်ပျိုး

ပဲတီစိမ်း(မိုးကြို)ကို မတ်လနှင့် ဧပြီလတို့တွင် စတင်စိုက်ပျိုးကြပြီး ဇွန်လနှင့် ဇူလိုင်လတို့တွင် ရိတ်သိမ်းကြကြောင်း၊ စိုက်ပျိုးရာတွင် မျိုးအနေဖြင့် ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးများကိုသာ အများဆုံးစိုက်ပျိုးကြပြီး ယခုနှစ် ပဲတီစိမ်း(မိုးကြို) စိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှုမရှိသော်လည်း ဆည်ရေသောက် ရေတင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခုအချိန်တွင် ပဲတီစိမ်းစိုက်ခင်းများမှာ အသီးအပွင့် ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပဲတီစိမ်းအသစ်များ ထွက်ပေါ်ခြင်းမရှိသေးကြောင်း၊ လက်ရှိအချိန်တွင် ဈေးကွက်၌ ယခင်နှစ်က ထွက်ပေါ်ခဲ့သည့် ပဲတီစိမ်းအဟောင်းများ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

### ၂၉-၅-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၂၈၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၃၀၀ | | ၇၅၀၀ | ၁၆၅၀၀ | ၇၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၄၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၃၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၅၈၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၂၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၀၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၀၅၀ | ၁၅၀၀၀ | ၃၇၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၁၁၀၀၀ | ၉၅၀ | ၉၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၃၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၇၀၀၀ | ၅၆၀၀ | ၉၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၂၀၀ | ၅၄၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၆၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၅၅၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၁၁၀၀၀ | ၃၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၃၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၇၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၁၀၀ | ၁၀၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၆၄၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၈၀၀ | ၄၈၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၉၀၀ | ၁၀၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၉၅၀၀ | ၇၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၉၅၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၇၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၇၅၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၇၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၂၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၂၂၀၀ | ၂၅၀၀ | ၁၁၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၇၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၅၈၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၁၆၈၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၀၀ | | ၆၈၀၀ | ၁၅၂၀၀ | ၅၆၀၀ | ၁၂၄၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၃၂၀၀ | ၇၂၀၀ | ၇၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၄၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၇၂၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၉၅၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာ ပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

✻ ကမ္ဘောဒ့ဖလားမှ

ထားသည်။ ကြိုတင်လက်မှတ်များကို ဇွန် ၄ ရက်နှင့် ၅ ရက်တွင် နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ သုဝဏ္ဏကွင်းအတွင်း ဂိတ်အမှတ်-၂ ၌ ရောင်းချမည်ဖြစ်ပြီး ဝယ်ယူသူ ပရိသတ်များအနေဖြင့် မှတ်ပုံတင် သို့မဟုတ် ယာဉ်မောင်းလိုင်စင်ယူဆောင်လာရမည်ဖြစ်ပြီး မှတ်ပုံတင်တစ်ခုလျှင် လက်မှတ် နှစ်စောင်နှုန်း ရောင်းချမည်ဖြစ်သည်။ ရောင်းချရန်လက်မှတ်များ ကျန်ရှိနေပါက ပွဲကစားမည့် ဇွန် ၆ ရက်တွင် ထပ်မံရောင်းချမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ၁၀ နှစ်အောက် ကလေးများကိုမူ အခမဲ့ ကြည့်ရှုခွင့်ပြုသွားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် ဂျပန်အသင်းတို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲကို ဇွန် ၆ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MFF


## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၁၁၃)၊ ဟုခေါ်တွင်သော GEMS GARDEN CONDOMINUM GEMS3၊ (၈)ခန်းတွဲ RC(၂၁)ထပ်တိုက် အဆောက်အဦး၏ (၁၀)လွှာ၊ အခန်းအမှတ်(၁၀ -၀၅)၊ အကျယ်အဝန်း(၈၉၇)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တစ်ကွ ယင်းတိုက်ခန်းအတွင်းရှိ အဲကွန်း(၃)လုံး၊ အိမ်ထောင်ပရိဘောဂများ၊ ရေမီးစုံ အပါအဝင် ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ် အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့်(၂၄-၃-၂၀၂၃)ရက်နေ့တွင် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ် ခိုင်ဇင်သန့်[၁၂/ကမရ(နိုင်)၀၅၈၆၅၄]မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်သောတိုက်ခန်းဖြစ်၍ အမွေစားအမွေခံ၊ အရှုပ်အရှင်းကင်းကာ လွှဲပြောင်းရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူ ဒေါ်ခိုင်ဇင်သန့်ထံသို့ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်း အဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို တိုက်ခန်းနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ - ၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ လူနေရပ်ကွက်အမှတ်-(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၄၅၁/စီ)၊ (၅)လွှာ၊ ဧရိယာ အလျား x အနံ (၁၄ပေxပေ ၆၅)၊ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းဦး[၁၂/သကတ(နိုင်)၁၉၁၅၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးရန်အောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၉၉၉)**
**အမှတ်-(၂၄-အေ)၊ ရန်ပြေ(၁၃)လမ်း၊ (၃)ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၆၆၆၆၃၇၆၇**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV-HD)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၃၁-၅-၂၀၂၄)ရက် (သောကြာနေ့)ညတွင် နိုင်ငံတော်သံစုံတီးဝိုင်း တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **"Friendly Music Concert MRTV Orchestra"** ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်ဖျော်ဖြေတင်ဆက်မှုတွင် ပြင်ပအဆိုရှင် သီဆိုဖျော်ဖြေမည့် **"စိတ်ကူးလေးရွက်လွှင့်မယ်" တေးသီချင်းအား** အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အ.ထ.က(ကော့ပရံ့) ကျောင်း Grade-12 မှ မနှင်းနုနုနိုင် ၏ ဖခင် ဦးစိုးမြင့်သိန်း [၉/မကန(နိုင်)၁၅၈၃၄၄]နှင့် ဦးစိုးသီဟမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုးမြင့်သိန်း (ခ) ဦးစိုးသီဟ**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဆုမွန်ကိုကို [၁၂/မရက (နိုင်) ၁၂၆၇၈၂] ၏ ပတ်စ်ပို့ (နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-670708470**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂၈-၅-၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၂)တွင်ပါရှိသော ဒေါ်သိင်္ဂီဝင်း(LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၆၃/၂၀၁၇)ဖြင့် အများသိစေရန် ကြေညာခြင်းတွင် ကြေညာထားသော ခေါင်းစဉ်၌ ရက်စွဲအား (၂၅-၄-၂၀၂၄)ဟု မှားယွင်းကြေညာထားပါသဖြင့် အမှန်ဖြစ်သော (၂၅-၅-၂၀၂၄)ရက်စွဲဖြင့် ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း (တောင်)ရပ်ကွက်၊ ဧည့်ဝတီလမ်း၊ အမှတ်(၆) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၅'x ၅၀') ရှိ နှစ် (၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော (၂)ခန်းတွဲ (၆ ထပ်တိုက်) အဆောက်အဦ၏ (ပထမထပ်/အေ) ခေါင်းရင်းခြမ်း တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်အေးသိန်းချေ [၁၂/စခန(နိုင်)၀၃၁၃၂၁]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးနှင်းအေး [၈/မဘန(နိုင်)၁၄၃၂၅၃]က ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၄၄၆၆၇**

## မွေးသက္ကရာဇ်အမှန်

နောင်ချိုမြို့နယ်၊ ဈေးရပ်ကွက်နေ အဖ ဦးမောင်ပြုံး၊ အမိ ဒေါ်ညိုညိုစန်းတို့၏သား မောင်ထွန်းဝေယံ [၁၃/နခတ(နိုင်)၁၁၄၈၆၇] ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၃-၂၀၀၃ ဖြစ်ပါကြောင်း။

**မောင်ထွန်းဝေယံ**
**၁-၃-၂၀၀၃**

## ပြောင်းလဲခေါ်ဆိုပါရန်

နောင်ချိုမြို့နယ်၊ ဘူတာရပ်ကွက်နေ အဖ ဦးဝင်းရွှေ [၁၃/နခတ(နိုင်)၁၁၀၁၄၆] ၏ သား မောင်ရွှေစင်ဦး အား မောင်ဝေဠုကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဝေဠုကျော်**


# သံတွဲမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**သံတွဲ မေ ၂၉**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက သံတွဲမြို့ဒွါရာဝတီခန်းမ၌ ကျင်းပသည်။

ဦးစွာ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ Video Clip ကို ပြသကာ သံတွဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးချစ်က အမှာစကားပြောကြားသည်။ ဆက်လက်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် သံတွဲမြို့နယ်အတွင်းရှိ နန်းချောင်းကျေးရွာစာကြည့်တိုက်၊ ဂေါ့ရပ်ကွက်စာကြည့်တိုက်၊ ဂျိတ္တောရပ်ကွက်စာကြည့်တိုက်၊ ကြိမ်ချောင်းကျေးရွာစာကြည့်တိုက်နှင့် မြုံချောင်ကျေးရွာ စာကြည့်တိုက်တို့အတွက် စာအုပ်စာစောင်များကို သံတွဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့်အဖွဲ့ဝင်များနှင့် သံတွဲခရိုင် လူထုအခြေပြု ဗဟိုဌာန ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးဖိုးရီအောင်တို့က ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်အတွက် လှူဒါန်းသည့် စာအုပ်စာစောင်များကို အလှူရှင်ရန်ကုန်မြို့နေ ဦးရဲထွန်းကိုယ်စား Book Club နာယက ဦးမြင့်စိုးက ပေးအပ်လှူဒါန်းရာ လက်ထောက်ညွှန်ကြားရေးမှူး တာဝန်ပေး ဒေါ်လှဲ့လှဲ့ဝင်းက လက်ခံရယူခဲ့သည်။ ယနေ့လှူဒါန်းမှုမှာ ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ စာအုပ်ပေါင်း ၄၅၀ လှူဒါန်းခဲ့ခြင်းဖြစ်သည်။



အခမ်းအနားအပြီးတွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




# "Friendly Music Concert " တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၂၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ် တင်ဆက်ပေးလျက်ရှိရာ မေ ၃၁ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် "Friendly Music Concert" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို MRTV Orchestra အဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် တေးသံရှင်များဖြစ်ကြသည့် စောဒယ်နီရယ်၊ မင်းမြတ်သော် (Justin Jack)၊ စိမ့်နေခြည်၊ ကုဋ္ဌာခင်၊ ချစ်စုစံ၊ သဒ္ဒါဖြူ၊ မြနန္ဒာ၊ မြင့်မြတ်ကျော်၊ ဖူးဇေကရီဆောင်း၊ သီရိအောင်နှင့် လဝန်းမေတို့က နိုင်ငံတကာ တေးသီချင်းများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ရုရှားဘာသာဖြင့် တေးသံသာများကို ရွေးချယ်သီဆို ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို ဇွန် ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ္ဏတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၉-၅-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၉၅၃။ | ဆရာတော် ဦးသုမနကောင်းမှု | ၃၀၀၀၀၀၀ |
| ၈၉၅၄။ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၈၉၅၅။ | (၅၁)ကြိမ်မြောက်နှစ်ပတ်လည်နေ့ ဆရာကန်တော့ပွဲ၊ အလုပ်သင်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)မှ ဘုရားဖူးလာရောက်မိသားစုများကောင်းမှု | ၁၇၀၀၀၀၀ |
| ၈၉၅၆။ | ဦးကျော်မင်းဦးနှင့်ဇနီး ဒေါ်အေလာမင်းဦးမိသားစု ကောင်းမှု | ၉၀၀၀၀၀ |
| ၈၉၅၇။ | ရေတပ်သင်္ဘောကျင်းဌာနချုပ်မှ အရာရှိစစ်သည်များ မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၉၅၈။ | ဦးဝင်းသန်းနှင့်ဇနီး ဒေါ်အေးအေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၉၅၉။ | ဦးရဲလင်းမောင်၊ (သား)မောင်ထက်အောင်ဟိန်းမိသားစု ကောင်းမှု | ၄၀၀၀၀၀ |
| ၈၉၆၀။ | ဦးလှထွန်းနှင့်ဇနီး ဒေါ်မြသန္တာထွန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၉၆၁။ | ကွယ်လွန်သူ ဦးအုန်းမောင်နှင့် (သား)ဗိုလ်ကြီးအောင်ကျော်စိုး တို့အားရည်စူး၍ ဒေါ်ခင်လှမြင့်၊ သား၊ သမီးတစ်စုကောင်းမှု | ၂၀၀၀၀၀ |
| ၈၉၆၂။ | ဦးသန်းမောင်နှင့်ဇနီး ဒေါ်အမာတင်မိသားစုကောင်းမှု | ၁၁၁၁၁၁ |
| ၈၉၆၃။ | ဖခင်ကြီး ဦးလှရွှေမြင့်အားရည်စူး၍ ဒေါ်ခင်ဌေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၈၉၆၄။ | ကိုနိုင်လင်းသူနှင့်ဇနီး မသက်ထက်ငြိမ်း၊ (သမီး)မခင်ငြိမ်းခန့် မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၉၆၅။ | ကိုမင်းသူထိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၆၆။ | ဦးနေဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်လှိုင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၆၇။ | ဦးစိုင်းထွန်းနှင့်ဇနီး ဒေါ်သီတာထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၆၈။ | ဦးကံမြင့်နှင့်ဇနီး ဒေါ်ခင်တင့်၊ (သမီး)ဒေါ်စန်းသီဦး၊ (သား)မောင်သီဟ၊ မောင်ပြည့်ပြည့်၊ (သမီး)မရွှေအိမ်စံ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၆၉။ | ဖခင်ကြီး ဦးစောသိန်းနှင့် သား၊ သမီး၊ မြေးတစ်စု ကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၀။ | ကွယ်လွန်သူ ဒေါ်ခင်မြင့်ဆွေအားရည်စူး၍ ကိုဇော်ကိုမျိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၁။ | ဦးကျော်မြင့်နှင့်ဇနီး ဒေါ်တင်တင်ခိုင်၊ (သား)မောင်အောင်ကောင်းခန့်၊ မောင်အောင်ဟိန်းခန့်၊ (သမီး)မအင်ကြင်းမေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၂။ | ဦးညီညီနိုင်နှင့်ဇနီး ဒေါ်နှင်းသန္တာစိုး၊ (သမီး)မမြဖူးမိုမို၊ (သား)မောင်စွမ်းထက်ညီညီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၃။ | ကွယ်လွန်သူသမီးကြီး မဖြူအေးမောင်မောင်(ခ)ပုံပုံအား ရည်စူး၍ ဦးမောင်မောင်ကြည်နှင့်ဇနီး ဒေါ်ခင်အေးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၄။ | ကွယ်လွန်သူဖခင် ဦးမောင်ဌေးအားရည်စူး၍ သား၊ သမီး၊ မောင်နှမတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၅။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်ခင်မာရီ၊ (သား)ကိုအောင်မျိုးသန့်၊ ကိုနေမျိုးကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၆။ | အနန္တော၊ အနန္တငါးပါးနှင့် ခင်ပွန်းကြီးဆယ်ပါးအားရည်စူး၍ ဒေါ်ဝင်းဝင်းအေး၏မွေးနေ့အလှူကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၇။ | အ. မ. က(၁၃)မှ ဆရာမ ဒေါ်စိန်အေးနှင့် ဒေါ်စန်းစန်းဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၈။ | ဦးအောင်သင်းနှင့်ဇနီး ဒေါ်တင်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၉။ | ကွယ်လွန်သူဖခင်ကြီး ဦးမောင်ကိုနှင့် မိခင်ကြီး ဒေါ်စက်ရီ တို့အားရည်စူး၍ သမီး ဒေါ်နွဲ့နွဲ့ဝင်းကောင်းမှု | ၉၃၀၀၀ |
| ၈၉၈၀။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်အေးမိသားစုကောင်းမှု | ၉၀၀၀၀ |
| ၈၉၈၁။ | အောင်မင်္ဂလာသီလရှင်စာသင်တိုက်၊ ဆရာလေး ဒေါ်ဝဏ္ဏေသီ မွေးနေ့ကောင်းမှု | ၇၀၀၀၀ |
| ၈၉၈၂။ | ကွယ်လွန်သူ ဦးမင်းဟန်ကြည်၊ မောင်မင်းသူအောင်၊ မောင်မင်းရဲကျော်တို့အားရည်စူး၍ ဒေါ်စန်းစန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၃။ | ဦးနိုင်ဝင်းကျော်နှင့်ဇနီး ဒေါ်မိုးမိုးဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၄။ | ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်စိန်စိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၅။ | ဦးကျော်သူနှင့်ဇနီး ဒေါ်နိုင်ဇင်ယုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၆။ | ဗိုလ်ချုပ်ဇော်ဝင်းနှင့်ဇနီး ဒေါ်ဇင်မီစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၇။ | ဒုတိယရဲမှူးသန်းနိုင်လင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၈။ | ဒေါ်အေးအေးမော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၉။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်မျိုးမျိုးလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၀။ | ဦးလွင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၁။ | ဦးလှဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၂။ | ဒေါ်ယုဝတီတင်လှမိုး၊ ဒေါက်တာအေးချမ်းစိမ့်နှင့် မအိမျက်ချယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၃။ | ဦးသာစိုးအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၄။ | ဦးသောင်းညဏ်လင်းနှင့်ဇနီး ဒေါ်ညိုမိထွန်းမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၅။ | ဒေါ်နန်းကြည်ကြည်ဝင်းကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၆။ | ဦးမျိုးမြင့်ဦးနှင့်ဇနီး ဒေါ်သွယ်သွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၇။ | ဦးအောင်ကျော်မိုးနှင့်ဇနီး ဒေါ်သက်မာထွန်း၊ (သမီး)မမေသူကျော်၊ (သား)မောင်ညီအုပ်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၈။ | ဦးသန့်ဇင်နှင့်ဇနီး ဒေါ်ငြိမ်းငြိမ်းသွယ်၊ (သမီး)မသဇင်ဖြူ မစံပယ်ဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၉။ | ဦးအေးကျော်နှင့်ဇနီး ဒေါ်ခင်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၀။ | ဦးတင်အောင်မိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၁။ | ဦးလင်းလင်းထွန်းနှင့်ဇနီး ဒေါ်သီတာလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၂။ | ကိုအေးမင်းသန်းနှင့်ဇနီး မစန်းနုယဉ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၃။ | ကွယ်လွန်သူဖခင်ကြီး ဦးကြည်အောင်အားရည်စူး၍ မိခင် ဒေါ်ခင်ခင်လေးအားအမှူးထား၍ ဦးဇော်လွင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်ဌေး၊ (သား)မောင်အောင်ကောင်းမြတ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၄။ | ဦးသန်းထိုက်နှင့်ဇနီး ဒေါ်သင်းသင်းခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၅။ | ဦးရာဇာလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၆။ | ဦးခင်မောင်ဌေးနှင့်ဇနီး ဒေါ်ဥမ္မာကြည်၊ (သား)မောင်ဖြိုးကျော်သူ၊ (သမီး)မစုယမင်း၊ မမေပြည့်ထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ်-၇၂၈၊ မြေကွက်တည်နေရာအမှတ်(၂၈)၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ဦးတင်ဝင်း[၁၂/သဃက(နိုင်)၀၈၆၅၂၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ဝင်း ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၁၄၈၃/၂၀၀၂(၁၁-၄-၂၀၀၂)ဖြင့် ဒေါ်အေးမြင့်မှ ရရှိပြီး ၎င်းထံမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏အစိတ်အပိုင်း(၂၀' x ၆၀')ကို အရောင်းအဝယ်စာချုပ်အမှတ်-၁၉၂၇/၂၀၀၂(၁၅-၅-၂၀၀၂)ဖြင့် ဝယ်ယူထားသူ ဦးနန်းအောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်အေးအေးနိုင် [၁၂/သဃက(နိုင်)၀၈၄၄၀၅]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် ဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ-၃/၂၄၀/၂၀၂၄(၆-၃-၂၀၂၄)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး(Portion) လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ (အထက) ဖားကန့်၊ Grade-2 အောင်မှ မဆိုင်းနူးမိုင်၏ ဖခင်အမည်မှန်မှာ ဦးဗျန့်အောင် [၁/မကတ (နိုင်) ၀၈၅၆၇၅] ဖြစ်ပါသည်။

## အမည်ပြောင်း

ရေးခရိုင်၊ ရေးမြို့၊ အ.လ.က (၃)၊ Grade(1)မှ (အဖ)ဦးစည်သူမင်း [၁၀/ရမန(နိုင်)၁၇၂၅၈၉]၏သား မောင်ရဲရင့်စည်သူဝင်းအား မောင်မင်းဂုဏ်ရည်စစ်မှူးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းဂုဏ်ရည်စစ်မှူး**

## အမည်ပြောင်း

ရေးခရိုင်၊ ရေးမြို့၊ အ.လ.က(၃)၊ Grade(4)မှ (အဖ)ဦးစည်သူမင်း [၁၀/ရမန(နိုင်) ၁၇၂၅၈၉]၏သမီး မအိမ်စည်ဖြိုးအား မအိပြည့်မှူးအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိပြည့်မှူးအိမ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊နည်းဥပဒေ ၂၀)**

**အင်းစိန်ခရိုင်တရားရုံး**

**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၇**

ဦးစိုးဝင်းပါ-၃ နှင့် ဦးညွန့်သိန်းပါ-၇

(တရားလိုများ) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်-၂၂၃နေ တရားပြိုင် (၄) ဒေါ်ယဉ်ငြိမ်းအေး၊ တရားပြိုင်(၅) ဦးမိုးကျော်သူ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုများက **"အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ **၂၀၂၄ခုနှစ်၊ ဇွန်လ၊ ၇ရက်၊ (၁၃၈၆ခုနှစ်၊ နယုန်လဆန်း ၊ ၁ ရက်)(သောကြာနေ့)**မွန်းမတည့်မီ(၁၀:၀၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူသည် တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည် သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

**၂၀၂၄ခုနှစ်၊ မေလ၊ (၂၉)ရက်နေ့**တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဦးလှိုင်)**

**ဒုတိယခရိုင်တရားသူကြီး(၁)**

**အင်းစိန်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၁)လမ်း၊ အမှတ်(၁၂၈-၁/၂)၊ ဧရိယာ(၂၀x၆၀)ပေရှိ (ဦးလှဖေ+ဒေါ်ငြိမ်း) အမည်ပေါက်ဂရန်မြေကွက်နှင့်အိမ်အား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဦးမောင်မောင်ခင် [၁၂/ဥကမ(နိုင်)၂၂၃၈၅၇]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေကျပ် တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်သဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကြေးမုံမြင့် LL.B**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၆၆)**

**ဖုန်း-၀၉-၈၉၃၅၃၄၂၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်-၄၇ (ပထမထပ်)၊ အကျယ်အဝန်း (၁၈ ပေ x ၅၀ ပေ) တိုက်ခန်းအား အဆက်အစပ်စာချုပ်စာတမ်းများဖြင့် ဒေါ်ခင်စုစုလှိုင် [၁၃/လရန (နိုင်) ၂၁၈၆၉၇] မှ လက်ဝယ်ထားပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ၎င်းထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ကြည် [၇/သဝတ (နိုင်) ၀၀၁၇၃၇]က စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးလှမျိုးထက် (LL.B)** **ဦးသီဟမျိုးဟန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၈၈)** **အထက်တန်းရှေ့နေ (စဉ်-၂၇၂၂၀)**

**အမှတ်-၁၉၅ (ဒုထပ်)၊ ၃၃-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၀၆၇၀၈၊ ၀၉-၂၅၄၂၀၆၈၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

